ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၄၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များအမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းစစ်ဆေးမှာကြား တံတားများတည်ဆောက်ရာတွင် မိမိတို့ကိုယ်ပိုင်အတတ်ပညာဖြင့်တည်ဆောက်နိုင်ပြီ တံတားအမျိုးအစားအားလုံး ကျွမ်းကျင်ပိုင်နိုင်စွာတည်ဆောက်သွားရန် ကြိုးပမ်းအားထုတ် ရရှိထားသောအတတ်ပညာနှင့် အတွေ့အကြုံများကို လူငယ်များအားဆက်လက်ဖြန့်ဝေ

ရန်ကုန် စက်တင်ဘာ ၈

မန္တလေးတိုင်း မန္တလေးမြို့၌ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိမ်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မန္တလေးမြို့တော်ဝန်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ကို ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားစဉ်။ (သတင်းစဉ်)



ရောဝတီတံတား(ရတနာပုံ)

- ရောဝတီတံတား (ရတနာပုံ)၏ ပင်မတံတားမှာ သံမဏိ သံပေါင် တံတား အမျိုးအစားဖြစ်ပြီး မန္တလေးနှင့် စစ်ကိုင်းနှစ်ဖက် ချဉ်းကပ်တံတားများ အပါအဝင် စုစုပေါင်း အရှည် ၅၆၁၄ ပေရှည်မည့် တံတားဖြစ်သည်၊
- ရောဝတီတံတား (ရတနာပုံ)မှာ ယာဉ်တစ်စီးချင်း ခွင့်ပြုတန် ၆၀ ရှိ လေးလမ်းသွား တံတားကြီးဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

လမ်းသစ်၊တံတားသစ်၊လေယာဉ်ကွင်းသစ်များ နိုင်ငံတစ်ဝန်းပေါ်ထွန်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် နိုင်ငံဖွံ့ ဖြိုးတိုးတက်အောင်ကြိုးပမ်း

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးသည် အရေးကြီးဆုံးနှင့် အခြေခံအကျဆုံး လိုအပ်ချက်ပင်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည်နှင့်အမျှ ကုန်သွယ်စီးပွားလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ပြီး ဒေသစီးပွားရေးတိုးတက်ဖြစ်ထွန်းလာစေမည်ဖြစ်သည်။ တစ်ဆက်တည်းတွင် ကုန်သွယ်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးသာမက ဒေသခံပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တစ်နံတစ်လျား၌ လမ်းများ၊ တံတားများ၊ မီးရထားလမ်းများနှင့် လေယာဉ်ကွင်းများကို တည်ဆောက်ဖောက်လုပ်ပေးလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံအတွင်း ၁၉၈၈ ခုနှစ်က လမ်းမိုင်ပေါင်း ၁၃၆၀၀ ရှိရာက ယခုအခါ လမ်းမိုင်ပေါင်း ၁၈၆၀၀ နီးပါး ရှိနေပြီဖြစ်သည်။ မြစ်ကူးတံတားကြီးများ အနေဖြင့် ပေ ၁၈၀ နှင့်အထက် တံတားကြီး ၁၇၂ စင်း တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ၁၉၈၈ ခုနှစ်က တစ်နိုင်ငံလုံး၌ ရထားလမ်းမိုင်ပေါင်း ၂၀၀၀ နီးပါးသာရှိခဲ့ရာ ယခုအခါ မိုင် ၃၀၀၀ နီးပါးအထိ တိုးတက်လာခဲ့သည်။ ယခင်က လေယာဉ်ကွင်း ၂၁ ကွင်းသာရှိရာမှ ယခုအခါ ဖော်ကာ ၂၈ နှင့်ဘိုးရင်း–၇၃၇ ဆင်းတက်နိုင်သည့် လေယာဉ်ကွင်းများအပါအဝင် လေယာဉ်ကွင်း ၃၂ ကွင်းအထိ တိုးတက်ဖြစ်ထွန်းလာခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စက်တင်ဘာလ ၇ ရက်က မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် အနီးစခန်း လေယာဉ်ကွင်းတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့သွားရောက်၍ လေယာဉ်ကွင်းတည်ဆောက်ရေး လုပ်ငန်းများကိုကြည့်ရှုကာ လိုအပ်ချက်များကို မှာကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာတွင်–

"တည်ဆောက်ရေးလုပ်ငန်းတိုင်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် စနစ်တကျ တည်ဆောက်သွားရမှာဖြစ်ကြောင်း၊ နောင်တည်ဆောက်သွားမည့် လေယာဉ်ကွင်းများအတွက် အရည်အသွေးအရ၊ ကုန်ကျစရိတ်အရ 'စံ'ထားနိုင်သည့် လေယာဉ်ကွင်းကြီးဖြစ်အောင် ကြိုးပမ်း တည်ဆောက်ပြီး မှတ်တမ်းမှတ်ရာများကို လုပ်ငန်းအဆင့်လိုက်ထားရှိသွားရန်ဖြစ်ကြောင်း"

ပြောကြားသွားသည်။

အနီးစခန်း လေယာဉ်ကွင်းဟောင်းကို ဒုတိယကမ္ဘာစစ်မတိုင်မီက ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး လေယာဉ်ကွင်း၏ပြေးလမ်းအလျားမှာ ပေ၄၄၅၀၊ အကျယ်ပေ ၂၀၀ သာရှိသည့် မြေရောကျောက်စရစ်ခင်းပြေးလမ်း အမျိုးအစားဖြစ်သည်။ ယင်းလေယာဉ်ကွင်းဟောင်းကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဘိုးရင်းအမျိုးအစား ဂျက်လေယာဉ်ကြီးများ ဆင်းတက်နိုင်သည့် ခေတ်မီလေယာဉ်ကွင်းအဖြစ် တိုးချဲ့တည်ဆောက်နေခြင်းဖြစ်သည်။ အနီးစခန်းလေယာဉ်ကွင်းတည်ဆောက်ရေးစီမံကိန်းအရ လေယာဉ်ပြေးလမ်းကို အလျားပေ ၁၀၀၀၀၊ အကျယ်ပေ ၂၀၀ ရှိ ကွန်ကရစ်ခင်း လေယာဉ်ပြေးလမ်းအဖြစ် တည်ဆောက်လျက်ရှိသည်။

သို့ဖြစ်ရာ လမ်းသစ်များ၊ တံတားသစ်များ၊ လေယာဉ်ကွင်းသစ်များ တိုးတက်ဖြစ်ထွန်းလာမှုကြောင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ပြီဖြစ်ရာ တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကမ္ဘာတည်သရွေ့ အဓွန့်ရှည် တည်တံ့ခိုင်မြဲစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်ရှိ နယ်စပ်စည်ပင်လုပ်ငန်းများ ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် ကွင်းဆင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်သည် ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူး၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဝင်းနှင့် စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၅ ရက်က ဘားအံမြို့နယ် ဘုရားကုန်းစံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲသို့ ရောက်ရှိသည်။

ရှေးဦးစွာ ဝန်ကြီးကဆရာမများနှင့်ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံး ဗလာစာအုပ်တို့ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ဘလူးမေအားလည်းကောင်း၊ ဘုရားကုန်းစံပြကျေးရွာမှ ဦးဖဒိုအောင်ဆန်းသို့ လည်းကောင်း အမှတ်တရ လက်ဆောင်ခြင်းများနှင့် အဝတ်အထည်များ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိပြီး မွန်ပြည်နယ် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသိန်းလင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် မုဒုံမြို့နယ် ကမာဝက်ကျေးရွာသို့ သွားရောက်၍ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (ကမာဝက်) အသစ်ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထိုမှတစ်ဆင့် ဝန်ကြီးသည် မုဒုံမြို့ သောက်သုံးရေရရှိရေးအတွက် အဇင်းရေလှောင်တမံမှ ရေပေးဝေရေးလုပ်ငန်း၊ ရေတွန်းစက်ရုံ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဆည်ရေဝင်ကန်၊ သဲရေစစ်ကန်များနှင့် ရေကြည်လှောင်ကန်များကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ရောက်ရှိရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်က ပြည်နယ်အတွင်းရှိ မြို့နယ်များ၏ ၂၀၀၄–၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေလျာထားရရှိမှု၊ မြို့ပြကျေးလက် လမ်းတံတားနှင့် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊လုပ်ငန်းသုံးယာဉ်စက်ယန္တရားများ အသုံးပြုနိုင်မှု၊ဝန်ထမ်းများ ဖွဲ့စည်းခန့်ထားမှုနှင့် ပြည်နယ်အတွင်းရှိ မြို့နယ်များ၏ လိုအပ်မှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ စက်တင်ဘာ ၆ ရက်တွင် ဝန်ကြီးသည် မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးဝေရေး ဆောင်ရွက်နေသည့် ရွှေနတ်တောင် ရေပေးရေးစီမံကိန်း၊ ရေစုကန်နှင့် ရေတွန်းစက်ရုံသို့ရောက်ရှိရာ အမှုဆောင်အရာရှိ ဦးလှမျိုးက ရေဂါလန် ၁၀၀၀၀၀ဆံ့ ရေစုကန်နှင့် ကန်သုံးဆင့်သို့ ရေပေးပို့မှု၊ မြို့သို့ ရေပေးဝေဖြန့်ဖြူးနိုင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် မော်လမြိုင်မြို့ သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှု၊ ကန္နားလမ်း ပြုပြင်ဆောင်ရွက်ထားရှိမှု၊ဒိုင်းဝန်ကွင်းလမ်းဆုံကတ္တရာလမ်း တိုးချဲ့ဆောင်ရွက်နေမှု၊ လမ်းဘေးဝဲ/ယာ ကွန်ကရစ် ရေမြောင်းပြုလုပ်နေမှုနှင့် မြေယာရှုခင်းပြုလုပ်ပြီးစီးမှုတို့ကိုလည်းကောင်း၊ မြို့နယ်အဝိုင်း ပန်းအလှပြုပြင် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးသည် ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ရောက်ရှိရာ ပေါင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လှကလည်းကောင်း၊ ထိုမှတစ်ဆင့် ဝန်ကြီးသည် ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ရောက်ရှိရာကျိုက်ထိုမြို့နယ် အမှုဆောင်အရာရှိ ဦးမျိုးဆန်းကလည်းကောင်း မြို့သာယာလှပရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုများ၊ ရှေ့ဆက် ဆောင်ရွက်မည့် အစီအစဉ်များနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

ဩဂုတ် ၂၂ ရက်က အမက(၁)သာကေတ ၂၀၀၃–၂၀၀၄ ပညာ သင်နှစ် ပညာရည်ချွန်ဆု ပေးပွဲအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူသောင်းက သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ထူးချွန်ပထမဆုရ မချိုချိုဝေအား ဆုချီးမြှင့်စဉ်။

(က–ပ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရောဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်တံတား တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အတတ်ပညာအမွေကောင်းပေးနိုင်ရန် တံတားတည်ဆောက်ရေး မှတ်တမ်းအချက်အလက်များ ပြုစုထိန်းသိမ်းထားကြရမည်ဖြစ်

■ **ရွှေဘိုမှ**

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ အမှတ် (၃၃) ခြေမြန်တပ်မဌာနချုပ်

ရှင်းလင်းတင်ပြ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးအား ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင် ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ရှင်းလင်း တင်ပြစဉ်။

(သတင်းစဉ်)

တပ်မမှူး ဗိုလ်မှူးချုပ်တင်ထွန်းအောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ စီမံကိန်းမှ အင်ဂျင်နီယာများက မန္တလေးဘက်ကမ်း စီမံကိန်းရှင်းလင်းဆောင်မှ ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရန် ဖြစ်ပေါ်လာခဲ့သည့် သမိုင်းကြောင်း၊ တံတားတည်ဆောက်ရန် မြေနေရာရွေးချယ်ခဲ့မှု၊ တံတားတည်ဆောက်ရန် အပြီးသတ်ရွေးချယ်ခဲ့သည့်နေရာ၌ အကြို အင်ဂျင်နီယာလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့မှုနှင့် တံတားနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မန္တလေးဘက်ကမ်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးငွေးမြင့်နှင့် စစ်ကိုင်းဘက်ကမ်း တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစန်းဝင်းတို့က ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေး လုပ်ငန်းများကို မန္တလေးဘက်ကမ်းနှင့် စစ်ကိုင်းဘက်ကမ်းနှစ်ခုမှ တစ်ပြိုင်တည်း ဆောင်ရွက်နေသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်စောထွန်းက ချဉ်းကပ်လမ်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကိုယ်ပိုင်အတတ်ပညာ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက မှာကြားရာတွင် မိမိတို့၏ အင်ဂျင်နီယာပညာရှင်များသည် ယခုအခါ တံတားများ တည်ဆောက်ရာ၌ ဒီဇိုင်းပုံထုတ်ခြင်း အပါအဝင် တည်ဆောက်ရေး လုပ်ငန်းအဆင့်တိုင်းကို မိမိတို့၏ကိုယ်ပိုင် အတတ်ပညာ စွမ်းပကားများဖြင့် တည်ဆောက်နိုင်နေပြီ ဖြစ်ကြောင်း။

တံတားအမျိုးအစားအားလုံးကို ကျွမ်းကျင်ပိုင်နိုင်စွာ တည်ဆောက်သွားနိုင်ရန် မိမိတို့ကြိုးပမ်းအားထုတ်နေကြရမှာဖြစ်ကြောင်း၊ မိမိတို့ရရှိထားပြီးဖြစ်သော အတတ်ပညာနှင့် အတွေ့အကြုံများကို နောင်လာနောက်သား လူငယ်များအား ဆက်လက်ဖြန့်ဝေပေးနိုင်ကြရမှာဖြစ်ကြောင်း။

ယင်းသို့ အတတ်ပညာ အမွေကောင်းပေးနိုင်ရေးအတွက် တံတားအလိုက် တည်ဆောက်ရေးဆိုင်ရာမှတ်တမ်း အချက်အလက်များကို လည်း ပြုစုသိမ်းဆည်းထားကြရမှာဖြစ်ကြောင်း။

ယင်းသို့ပြုစုရာ၌ မည်သည့်အခက်အခဲကို မည်သို့အောင်မြင်အောင် ကျော်လွှားဆောင်ရွက်ခဲ့သည်ဆိုသည့် အတွေ့အကြုံများကိုပါ ပြုစုထားရှိကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ဧရာဝတီတံတား(ရတနာပုံ)၏ မန္တလေးဘက်ကမ်းချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှုနှင့် ရေလယ် RP 1 မှ RP 2 အခန်းတစ်ခန်း တံတားသံပေါင် တပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရေယာဉ်ဖြင့် စစ်ကိုင်းဘက်ကမ်းသို့ သွားရောက်ကြပြီး ရှေးဦးစွာ ရေလယ် RP 7 နှင့် RP 8 အကြား တံတားသံပေါင်တပ်ဆင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဧရာဝတီတံတား(ရတနာပုံ)

ဧရာဝတီတံတား(ရတနာပုံ)၏ ပင်မတံတားမှာ သံမဏိသံပေါင်တံတား အမျိုးအစားဖြစ်ပြီး မန္တလေးနှင့် စစ်ကိုင်း နှစ်ဖက်ချဉ်းကပ်တံတားများ အပါအဝင် စုစုပေါင်းအရှည် ၅၆၁၄ ပေရှည်မည့် တံတားဖြစ်သည်။

ဧရာဝတီတံတား (ရတနာပုံ)ကို ယာဉ်တစ်စီးချင်း ခွင့်ပြုတန် ၆၀ရှိ လေးလမ်းသွား တံတားကြီးအဖြစ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်နေခြင်းဖြစ်သည်။

မြန်မာပြည်၏ အသက်သွေးကြောဖြစ်သည့် ဧရာဝတီမြစ်ပေါ်၌ ၁၉၉၇ ခုနှစ် စက်တင်ဘာလဆန်းအထိ ဧရာဝတီမြစ်ကူး အင်းဝတံတားကြီး တစ်စင်းသာ ရှိခဲ့သည်။

ရထားလမ်းနှင့် ကားလမ်းနှစ်လမ်းပါ အဆိုပါ အင်းဝတံတားကြီးကို ၂-၁-၁၉၃၄ က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး သက်တမ်းမှာ နှစ် ၇၀ရှိခဲ့ပြီ ဖြစ်သည်။ သက်တမ်းကြာမြင့်လာသည့်အလျောက် ဝန်များသည့်ကုန်တင် မော်တော်ယာဉ်များ ဖြတ်သန်းရေးအတွက် အဟန့်အတားဖြစ်လာရသည်။

ထို့ကြောင့် လက်ရှိအင်းဝတံတား၏ အထက်ရေဆန်ဘက် ပေ ၂၀၀၀ ခန့်အကွာတွင် ဧရာဝတီတံတား (ရတနာပုံ)ကို ဝန်အလေးချိန် တန် ၆၀ ခံနိုင်သည့် လေးလမ်းသွားတံတားကြီးအဖြစ် ထပ်မံတည်ဆောက်နေခြင်း ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရ လက်ထက်၌ ပြည်သူများ ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် မြစ်ကူး၊ ချောင်းကူးတံတားကြီးများကို တစ်ခုပြီးတစ်ခု တည်ဆောက်လျက် ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ၍ ဧရာဝတီမြစ်ပေါ်တွင် တံတားကြီးများကို တည်ဆောက်ခဲ့ရာ ယခုအခါ တံတားကြီးခုနစ်စင်းကို အောင်မြင်စွာတည်ဆောက်ခဲ့ပြီးဖြစ်သည်။ ယင်းတံတားတို့မှ ပဲခူးတိုင်းတွင် နဝဒေးတံတား၊ ဧရာဝတီတိုင်းတွင် မအူပင်တံတား၊ ဗိုလ်မြတ်ထွန်းတံတား၊ ဧရာဝတီတံတား(ဒေးဒရဲ)၊ ကချင်ပြည်နယ်တွင် ဗလမင်းထင်တံတား၊ မကွေးတိုင်းတွင် အနော်ရထာတံတားနှင့် ဧရာဝတီတံတား(မကွေး)တို့ ဖြစ်သည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့် ယခုကဲ့သို့ မြစ်ကူးတံတား တည်ဆောက်မှု အတွေ့အကြုံများကိုအခြေခံ၍ မြန်မာနိုင်ငံ၌ အကြီးဆုံး၊ အရှည်ဆုံးဖြစ်ပြီး ရထားလမ်းနှင့် ကားလမ်းပါရှိသည့် သံလွင်မြစ်ကူး သံလွင်တံတား(မော်လမြိုင်)ကိုလည်း ဆက်လက်တည်ဆောက်လျက်ရှိသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီးနောက် မော်တော်ယာဉ်များဖြင့် မန္တလေးမြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြပြီး မန္တလေးမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

စက်တင်ဘာ ၇ ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၃ ဦး ရှိသွားပြီ

ဘဂ္ဂဒက် စက်တင်ဘာ ၇

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်ကစတင်ပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံး ဒဏ်ရာရလျက်ရှိကြသည်။

၂၀၀၄ ခုနှစ် စက်တင်ဘာ ၇ရက် အင်္ဂါနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၁၀၀၃ ဦးဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာန ကြေညာချက်ကိုအခြေခံ၍ အေပီသတင်းဌာနက ဖော်ပြသည်။ ယင်းတို့မှာ တပ်ဖွဲ့ဝင် ၁၀၀၀နှင့် အရပ်သားစစ်ဘက်အမှုထမ်း သုံးဦးဖြစ်သည်ဟုသိရသည်။

ပြောကြား

စက်တင်ဘာ ၇ရက် အင်္ဂါနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၉၉၈ဦးဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၇၅၂ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၄၆ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၄ ဦး၊ အီတလီ ၁၈ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ၁၀ဦး၊ ယူကရိန်းခြောက်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီသေဆုံးခဲ့ကြသည် ဟုဆိုသည်။ သမ္မတ ဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင်စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၈၆၀ ဖြစ်ပြီး ယင်းအနက် ၆၄၃ဦးမှာတိုက်ပွဲ၌သေဆုံး၍ ၂၁၇ဦးမှာ အခြားအကြောင်းများကြောင့်သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**



ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် ဒုံးပစ်လောင်ချာပစ်ခတ်မှု လေ့ကျင့်နေသော အီရတ်ပြောက်ကျားများကို စက်တင်ဘာ ၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာမြို့ပြင်၌ အမေရိကန်စစ်ယာဉ်တန်းအနီး အသေခံကားဗုံးဖောက်ခွဲ၍ ကန်တပ်ဖွဲ့ဝင်ခုနစ်ဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၇

အသေခံဗုံးခွဲတိုက်ခိုက်သူတစ်ဦးသည် ဖော်လူဂျာမြို့ပြင်တွင် အမေရိကန် စစ်ယာဉ်တန်းအနီးသို့ တနင်္လာနေ့က ကားဖြင့်အတင်းချဉ်းကပ်လာပြီး ဗုံးကိုဖောက်ခွဲလိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် အီရတ်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးသွားကြောင်း အမေရိကန် စစ်ဘက်အရာရှိများက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် လေးလအတွင်း အမေရိကန် တပ်ဖွဲ့များအတွက် အသေအပျောက် အများဆုံးနေ့ ဖြစ်ခဲ့သည်။ တိုက်ခိုက်မှုကြောင့် အမေရိကန် ဟမ်းဗီးစစ်ယာဉ် နှစ်စီး ပျက်စီးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများနှင့် စစ်ဘက် အရာရှိများက ပြောကြားသည်။

ကင်းမလှည့်

အမေရိကန်တပ်ဖွဲ့ဝင်များ ဖော်လူဂျာ၌ ကင်းမလှည့်သည်မှာ ဧပြီလထဲ၌ ဖော်လူဂျာမြို့အား သုံးပတ်ကြာဝိုင်းထားမှု ပြီးဆုံးခဲ့ချိန်မှ ဖြစ်သည်။

အင်္ဂါနေ့ အစောပိုင်း၌ ဖော်လူဂျာမြို့တွင် နေထိုင်သူများက အင်အားပြင်းထန်သော ပေါက်ကွဲသံကြားများကြားရကြောင်း ပြောဆိုကြသော်လည်း အမေရိကန်စစ်ဘက်က သတင်းမရရှိကြောင်း ပြောဆိုခဲ့သည်။

ဖော်လူဂျာမြို့ပြင်၌ အသေခံဗုံးခွဲမှုဖြစ်ခဲ့ပြီးနောက် မီးလောင်နေသော ဟမ်းဗီးစစ်ယာဉ်များမှ ဒဏ်ရာရသူများကို ရဟတ်ယာဉ်များဖြင့် သယ်ဆောင်သွားခဲ့သည်။

ထိုဗုံးပေါက်ကွဲရာ နေရာအနီး၌ရှိသော အီရတ်လေးဦးမှာ အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်သဖြင့် ဒဏ်ရာရရှိခဲ့ကြောင်း ဖော်လူဂျာဆေးရုံမှ တာဝန်ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

အီရတ်သတင်းအကျဉ်း

- ❒ အီရတ်၌ စက်တင်ဘာ ၇ရက်အထိ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၃ဦးရှိပြီ။
- ❒ ဖော်လူဂျာမြို့ပြင်၌ အမေရိကန် စစ်ယာဉ်တန်းအနီး အသေခံကား ဗုံးခွဲတိုက်ခိုက်၍ အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံး။
- ❒ ပြင်သစ်စာတနယ်ဇင်း အသက် အန္တရာယ်ဖြစ်ရန် အမေရိကန် တပ်ဖွဲ့ဝင်များ ပြုလုပ်နေ။
- ❒ ဘုရှ်သည် ငြိမ်းချမ်းရေးအစီအစဉ် မရှိဘဲ အီရတ်ကို အလျင်စလိုစစ်ပွဲ ဆင်နွှဲခဲ့။
- ❒ ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်၌ အီရတ်ပြောက်ကျားများက ဒုံးပစ် လောင်ချာပစ်ခတ်မှု လေ့ကျင့်နေ။

ပြင်သစ်စာတနယ်ဇင်းများ အသက်အန္တရာယ်ဖြစ်ရန် ကန်တပ်ဖွဲ့ဝင်များ ပြုလုပ်နေဟုဆို

ပါရီ စက်တင်ဘာ ၇

အမေရိကန် တပ်ဖွဲ့ဝင်များသည် လာတီဖီယာနှင့် မာမူဒီယာတို့ကို စစ်ဆင်ရေး လုပ်ခြင်းဖြင့် အီရတ်၌ စာတနယ်ဇင်းအဖြစ် ဖမ်းဆီးထားသော ပြင်သစ်သတင်းစာဆရာ နှစ်ဦး၏ အသက်များကို အန္တရာယ်ဖြစ်အောင်လုပ်နေကြောင်း ပြင်သစ်-အီရတ် ချစ်ကြည်ရေးအသင်းက တနင်္လာနေ့၌စွပ်စွဲလိုက်သည်။

ထိုစစ်ဆင်ရေးများနှင့် လာတီဖီယာနှင့် မာမူဒီယာ ဒေသများတွင် လူရာပေါင်း များစွာအား ဖမ်းဆီးပြီး ပြင်သစ် သတင်းစာဆရာ နှစ်ဦးဖြစ်သော ခရစ္စတင် ရှက်စ်နော့နှင့် ဂျော့ချ်မာဘရူနော့တို့၏ အသက်များကို အန္တရာယ်ဖြစ်စေကြောင်း ချစ်ကြည်ရေး အသင်းက ပြောကြားသည်။

ပြန်ပေးဆွဲမှု ပျော့ရှင်စွာ အဆုံးသတ်နိုင်ရေး အတွက် အနှောင့်အယှက်အတားအဆီးများအားလုံးကို ချက်ချင်းဖယ်ရှားပေးရန် ပင်တဂွန်အား ပြင်သစ်နိုင်ငံက တောင်းဆိုမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်ရှိကန်တပ်ဖွဲ့ဝင်များ လေးနှစ်အတွင်း ကယ်ရီရုပ်သိမ်းမည်ဟုဆို ဘုရှ်သည် ငြိမ်းချမ်းရေးအစီအစဉ်မရှိဘဲ အလျင်စလိုစစ်ပွဲဆင်နွှဲခဲ့

ဘဂ္ဂဒက်မြို့တွင် အမေရိကန်အလံကို မီးရှို့ဆန္ဒပြနေကြသော အီရတ်တို့ကို စက်တင်ဘာ ၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဝါရှင်တန် စက်တင်ဘာ ၇

အီရတ်တွင်ရှိသော အမေရိကန်တပ်ဖွဲ့ဝင်များကို လေးနှစ်အတွင်းရုပ်သိမ်းနိုင်စေရန် မိမိကြိုးပမ်းမည်ဖြစ်ကြောင်း အမေရိကန် ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီက တနင်္လာနေ့၌ ပြောကြားလိုက်သည်။

တပ်ဖွဲ့ဝင်များ အိမ်သို့ပြန်လာရန် မိမိတို့ဆန္ဒရှိကြောင်း၊ ပထမ သက်တမ်းအတွင်း တပ်ဖွဲ့ဝင်များအား အိမ်ပြန်ခေါ်ရေးသည် မိမိ၏ ရည်မှန်းချက်ဖြစ်ကြောင်း ပင်ဆီဗေးနီးယား၌ စည်းရုံးမဲဆွယ်စဉ် မဲဆန္ဒရှင်များအား ကယ်ရီက ပြောကြားသည်။

ဝန်ထုပ်ဝန်ပိုး

ကယ်ရီသည် ဝက်စ်ဗာဂျီးနီးယား၌ သတ္တုတွင်း အလုပ်သမားများနှင့် တွေ့ဆုံရာတွင် အမေရိကန်ပြည်ထောင်စုသည် အီရတ်၌ ကုန်ကျစရိတ်များမှု၊ ထိခိုက်သေဆုံးသူ အရေအတွက်များမှု ဝန်ထုပ်ဝန်ပိုးကို ထမ်းနေရကြောင်း ပြောဆိုခဲ့သည်။

သမ္မတဘုရှ်သည် ငြိမ်းချမ်းရေး အတွက် အစီအစဉ်မရှိဘဲ အလျင်စလို စစ်ပွဲဆင်နွှဲခဲ့သဖြင့် သင်တို့အားလုံး ဒေါ်လာ ၂၀၀ ဘီလီယံကုန်ကျခံနေရကြောင်း ထိုငွေကြေးပမာဏသည် စာသင်ကြားရန်၊ ဆေးကုသရန်၊ ဆေးဝါးအညွှန်းများကို ဖော်ထုတ်ရန်အပြင် မိမိတို့၏ လူမှုဖူလုံရေးအတွက် အသုံးချနိုင်ကြောင်း ကယ်ရီက ပြောကြားသည်။

စစ်ဖြစ်ရမည့် အချိန်လည်း မဟုတ်၊ စစ်ဖြစ်ရမည့် နေရာလည်း မဟုတ်သည့်ပြင် စစ်ပွဲမှာလည်း မှားယွင်းသော စစ်ပွဲသာဖြစ်ကြောင်း ကယ်ရီက ပြောဆိုသည်။

သေဆုံး

၂၀၀၃ ခုနှစ် မတ်လ၌ စစ်ပွဲစတင်ခဲ့သည်မှ ၂၀၀၄ ခုနှစ် စက်တင်ဘာ ၃ ရက်ရောက်ချိန်တွင် အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၉၇၆ဦး ဖြစ်သည်။ ၇၃၀မှာ တိုက်ပွဲ၌သေဆုံးပြီး ၂၄၆ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်း ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

လေကြောင်းပို့ဆောင်မှု လွတ်လပ်ကျယ်ပြန့်စွာ ဆောင်ရွက်ရေး အာဆီယံလေကြောင်းပို့ဆောင်ရေး အစည်းအဝေး၌ ဆွေးနွေး

ဟန်္နွိုင်း စက်တင်ဘာ ၈

ဗီယက်နမ်နိုင်ငံတွင် ကျင်းပနေဆဲ (၁၀)ကြိမ်မြောက် အာဆီယံလေကြောင်း ပို့ဆောင်ရေးလုပ်ငန်းအုပ်စု အစည်းအဝေး၌ လေကြောင်းပို့ဆောင်မှုကို လွတ်လပ်ကျယ်ပြန့်စွာဆောင်ရွက်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းအစီအစဉ်တစ်ရပ်တို့အပေါ် အဓိကထားဆွေးနွေးခဲ့ကြောင်း ထရန်စ်ပို့သတင်းစာတွင် အင်္ဂါနေ့က ရေးသားဖော်ပြသည်။

လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်အရ အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ)ဝင်နိုင်ငံများကြား ဘုံလေကြောင်းဈေးကွက်ကို ၂၀၁၅ ခုနှစ်၌ ထူထောင်သွားမည်ဖြစ်ပြီး လေကြောင်း ကုန်ပစ္စည်းပို့ဆောင်ရေးကို ၂၀၀၆ခုနှစ်၌ လွတ်လပ်စွာ ဆောင်ရွက်ဖွယ်ရှိကြောင်း ထရန်စ်ပို့ သတင်းစာက ရေးသားသည်။

ထူထောင်

လေကြောင်းပို့ဆောင်မှုလွတ်လပ်ကျယ်ပြန့်စွာ ဆောင်ရွက်ရေးကို ရှေးရှုသော လမ်းပြမြေပုံ အကောင်အထည်ဖော်မှု လွယ်ကူအဆင်ပြေစေရန် အာဆီယံနိုင်ငံများသည် လေကြောင်းပျံသန်းရေး ပူးပေါင်းဆောင်ရွက်မှု ဒေသခွဲသစ်များ ထူထောင်ရာတွင် ပါဝင်ဆောင်ရွက်ရန် အားတက်သရော ရှိခဲ့ကြသည်။

စက်တင်ဘာ ၉ရက်၌ ပြီးဆုံးမည့် လေးရက်ကြာအစည်းအဝေးအတွင်း အာဆီယံနိုင်ငံများမှ လေကြောင်းအရာရှိများသည် ပြန်ကြားရေးနှီးနှော ပွဲများ စီစဉ်ကျင်းပခြင်း၊ ဆွေးနွေးညှိနှိုင်းအစည်းအဝေးများနှင့် သင်တန်းများ အကျိုးဝင်သော နည်းပညာအထောက်အကူအစီအစဉ်များကိုလည်း ဆွေးနွေးကြဖွယ်ရှိသည်။

လက်မှတ်ရေးထိုး

လေကြောင်းပို့ဆောင်ရေး လွတ်လပ် ကျယ်ပြန့်စွာ ဆောင်ရွက်ရေး မူဝါဒများ အကောင်အထည်ဖော်ရန် အတွက်ပြင်ဆင်ရာတွင် အာဆီယံနိုင်ငံများအတွင်း ဘက်ပေါင်းစုံ သဘောတူညီချက်များကို လက်မှတ်ရေးထိုး ခဲ့ကြသည်။

သဘောတူ

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့က လေကြောင်းပို့ဆောင်ရေး သဘောတူညီချက် တစ်ရပ်ကိုလွန်ခဲ့သည့်နှစ်ဒီဇင်ဘာလ၌ လက်မှတ်ရေးထိုးခဲ့ကြပြီး ဘရူနိုင်း၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့က လေကြောင်း ကုန်စည် ပို့ဆောင်ရေး အပြည့်အဝ လွတ်လပ်စွာ တိုးချဲ့ဆောင်ရွက်မှုဆိုင်ရာ သဘောတူချက်ကို ယခုနှစ် ဖေဖော်ဝါရီလ အတွင်း၌ သဘောတူညီခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

စွမ်းအင်နယ်ပယ်၌ အာရှနိုင်ငံများ ပူးပေါင်းကြရန် အိုင်စီအေပီပီ ကိုယ်စားလှယ်များ တိုက်တွန်း

ပေကျင်း စက်တင်ဘာ ၆

တတိယအကြိမ် အာရှနိုင်ငံရေးအဖွဲ့အစည်းများ၏ နိုင်ငံတကာဆိုင်ရာ ညီလာခံ(အိုင်စီအေပီပီ)ကိုယ်စားလှယ်များက အာရှတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းသိမ်းရန်အတွက် စွမ်းအင်နယ်ပယ်၌ အာရှနိုင်ငံများ ခိုင်မာစွာ ပူးပေါင်းကြရန် တိုက်တွန်းလိုက်သည်။

အိုင်စီအေပီပီ၏ ပေကျင်းကြေညာချက်တွင် စီးပွားရေး လုံခြုံစိတ်ချမှုနှင့် အာရှနိုင်ငံများအားလုံး အရှည်ဖွံ့ဖြိုးမှုအတွက် စွမ်းအင်ပြဿနာသည် အဓိကဖြစ်ကြောင်း၊ စွမ်းအင်အရင်းအမြစ်များ လုံခြုံရေးသည် နိုင်ငံတကာဆိုင်ရာ အသိုင်းအဝိုင်းတစ်ခုလုံး ကြုံနေရသော ပြဿနာတစ်ရပ်ဖြစ်ကြောင်း ကိုယ်စားလှယ်များက သဘောတူကြသည်ဟု ဖော်ပြထားသည်။ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုသည် အာရှဒေသဆိုင်ရာ ပူးပေါင်းမှု၏ အရေးကြီးသော အစိတ်အပိုင်း ဖြစ်လာနိုင်ကြောင်း၊ ဒေသတွင်းရှိ နိုင်ငံများသည် အပြန်အလှန် အကျိုးဖြစ်ထွန်းမှု စည်းမျဉ်းများကို အခြေခံ၍ ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့သင့်ကြောင်းလည်း ပေကျင်းကြေညာချက်၌ ဖော်ပြထားသည်။

ထိုအတောအတွင်း ကြေညာချက်၌ အာရှနိုင်ငံများ အားလုံး ကိုယ်ပိုင်ဖွံ့ဖြိုးရေးလမ်းကြောင်းနှင့် ဖွံ့ဖြိုးမှုပုံစံကို ရွေးချယ်သင့်ကြောင်းလည်း ဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ

စိုက်ပျိုးရေးနှင့်ကဏ္ဍသုံးခု၌ သင့်လျော်သော စံနှုန်းများရှိရေး အာဆီယံနှင့် အီးယူ ဆွေးနွေးကြရန် သဘောတူညီ

ဂျကာတာ စက်တင်ဘာ ၇

ကုန်သွယ်ရေးသဘောတူချက်အတွက် စေ့စပ်ဆွေးနွေးရေးကို ရှေးရှုလုပ်ဆောင်ရာတွင် စိုက်ပျိုးရေးနှင့် အခြားကဏ္ဍသုံးခု၌ သင့်လျော်သော စံနှုန်းများဖြစ်စေရန်အတွက် စတင်ဆွေးနွေးသွားရန် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)နှင့် ဥရောပသမဂ္ဂတို့ သဘောတူညီလိုက်ကြကြောင်း အီးယူကုန်သွယ်ရေးထိပ်တန်းအရာရှိ ပါစကယ်လာမီက ပြောကြားလိုက်သည်။

အခက်အခဲဆုံးပြဿနာများကို ဦးစွာပထမ ဖြေရှင်းရန် ဆုံးဖြတ်ရာတွင် အီးယူနှင့် အာဆီယံတို့သည် စက္ကူသဘောမျှသာရှိသော ကုန်သွယ်ရေးသဘောတူချက် ဖြစ်မလာရန် ကြိုးပမ်းခဲ့ကြောင်း မစ္စတာလာမီက ပြောကြားသည်။

ထို့ပြင် မစ္စတာလာမီက ကုန်သွယ်ရေးစေ့စပ်ဆွေးနွေးမှုများနှင့်ပတ်သက်၍ ပြောကြားရာ၌ အာဆီယံ-တရုတ်နှင့် အိန္ဒိယ နှစ်နိုင်ငံစလုံးသည် စတင်ဆွေးနွေးခဲ့ကြပြီး ဖြစ်ကြောင်း၊ အလားတူဆွေးနွေးပွဲများကို အာဆီယံသည် ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီးလန်နိုင်ငံတို့နှင့် ရှေ့နှစ်တွင် စတင်ဆွေးနွေးရန်ရှိကြောင်း ပြောကြားသည်။

သဘောတူ

အာဆီယံနှင့် အီးယူသည် တနင်္ဂနွေနေ့က ဆွေးနွေးရာ၌ စိုက်ပျိုးရေးနှင့် ငါးလုပ်ငန်းအပြင် နည်းပညာနှင့် သစ်အခြေခံစက်မှုလုပ်ငန်းတို့တွင် သင့်လျော်သော စံနှုန်းများနှင့် စပ်လျဉ်း၍ အဓိကထားရန် သဘောတူကြကြောင်း မစ္စတာလာမီက ပြောကြားသည်။

(အင်တာနက်)

နိုင်ငံတကာအသိုက်အဝန်းတွင် နိုင်ငံများအားလုံး သာတူညီမျှရှိရမည်

ပေကျင်း စက်တင်ဘာ ၇

နိုင်ငံကြီးသည်ဖြစ်စေ ငယ်သည် ဖြစ်စေ၊ အင်အားကြီးသည်ဖြစ်စေ အင်အားနည်းသည်ဖြစ်စေ နိုင်ငံများအားလုံးသည် နိုင်ငံတကာဆိုင်ရာ အသိုက်အဝန်းတွင် နိုင်ငံများအားလုံး သာတူညီမျှရှိရမည်ဖြစ်ကြောင်း တရုတ် ဒုတိယဝန်ကြီးချုပ် ဟူအန်ကျူးက ပေကျင်း၌ တနင်္ဂနွေနေ့က ပြောကြားလိုက်သည်။

မစ္စတာ ဟူအန်သည် ပေကျင်း၌ ရောက်ရှိနေသော ဆိုက်ပရပ် ဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ် ပြောကြားခြင်းဖြစ်သည်။ ထိုသို့ တွေ့ဆုံရာ၌ နယ်ပယ်အားလုံးတွင် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားရန် နှစ်နိုင်ငံပူးတွဲ ကြိုးပမ်းမည်ဟု မျှော်လင့်ကြောင်း ဟူအန်ကပြောကြားသည်။

တရုတ်ကွန်မြူနစ်ပါတီ (စီပီစီ)သည် ဆိုက်ပရပ် ဒီမိုကရက်တစ်ပါတီ(ဒီပီစီ)နှင့် နှစ်နိုင်ငံဆက်ဆံရေးကို ရှေ့သို့တွန်းအားပေးရန်အတွက် အပြန်အလှန်ဖလှယ်မှုကို တိုးမြှင့်သွားလိုကြောင်း ဟူအန်က ဆက်လက်ပြောဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံအား ဈေးကွက်စီးပွားရေးတစ်ခုအဖြစ် အရှေ့တောင်အာရှနိုင်ငံများက အသိအမှတ်ပြု

ပေကျင်း စက်တင်ဘာ ၇

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)သည် တရုတ်နိုင်ငံအား ဈေးကွက်စီးပွားရေးတစ်ခုအဖြစ် အသိအမှတ်ပြုလက်ခံလိုက်ကြောင်း ဂျကာတာ၌ ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။

အာဆီယံစီးပွားရေးဝန်ကြီးများနှင့် တရုတ်ကုန်သွယ်ရေးဝန်ကြီး ဘိုစီလိုင်တို့ တတိယအကြိမ် ညှိနှိုင်းဆွေးနွေးအပြီး မကြာမီ၌ ဂျကာတာတွင် ကြေညာချက် ထုတ်ပြန်လိုက်ကြောင်း ချိုင်းနားဒေလီက တနင်္လာနေ့၌ သတင်းဖော်ပြလိုက်သည်။

အသိအမှတ်ပြု

အာဆီယံဝင် ၁၀ နိုင်ငံတိုင်းက တရုတ်နိုင်ငံ၏ ပြည့်ဝသော ဈေးကွက်စီးပွားရေးအဆင့်အတန်းကို အသိအမှတ်ပြုလက်ခံကြောင်း အင်ဒိုနီးရှား ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ရီနီဆိုဝမ်ဒီက ပြောကြားသည်ဟု ချိုင်းနားဒေလီက ရေးသားသည်။

အာဆီယံဝင် လေးနိုင်ငံဖြစ်သော စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့က ယခုနှစ်အစောပိုင်း၌ အသိအမှတ်ပြုလက်ခံကြောင်း တစ်ဦးချင်း ကြေညာခဲ့သည်။

ပိုမိုကြိုးပမ်း

တရုတ်ကုန်သွယ်ရေးဝန်ကြီး ဘိုစီလိုင်က တရုတ်နိုင်ငံ၏ အရေးအကြီးဆုံး ကုန်သွယ်ဖက်နှင့် အနာဂတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအတွက် အလားအလာတစ်ခုဖြစ်သော အာဆီယံနှင့် ကုန်သွယ်ရေးပမာဏတိုးမြှင့်ရန် ပိုမိုကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဝန်ကြီးဘိုစီလိုင်က ပြောကြားသည်။

ယခုအချိန်၌ အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့၏ အပြန်အလှန်ကုန်သွယ်မှုပမာဏသည် တရုတ်နိုင်ငံ၏ ဘက်စုံပြည်ပကုန်သွယ်မှု၏ ၁၁ ရာခိုင်နှုန်းမျှရှိကြောင်း သို့ရာတွင် လာမည့်နှစ်များအတွင်း အကြီးအကျယ်တိုးမြှင့်လာပြီး နှစ်ဆဖြစ်ကောင်းဖြစ်မည်ဟု မိမိယုံကြည်ကြောင်း ဝန်ကြီးဘိုစီလိုင်က ပြောကြားသည်။

အာဆီယံ၏ တရုတ်ပြည်သို့ ကုန်ပစ္စည်းတင်ပို့မှုနှင့် တရုတ်ပြည်မှ တင်သွင်းမှုတန်ဖိုးသည် ၂၀၀၃ ခုနှစ်တွင် ဒေါ်လာ ၄၇ ဒသမ ၃ ဘီလီယံနှင့် ၃၀ ဒသမ ၉ ဘီလီယံ အသီးသီးရှိခဲ့သည်။ **(ပီတီအိုင်)**



အရှေ့တောင်အာရှ စီးပွားရေးဝန်ကြီးများသည် ဂျကာတာ၌ ဒေသဆိုင်ရာစီးပွားရေး ပေါင်းစည်းမှုနှင့် လွတ်လပ်သော ကုန်သွယ်ရေးကိုအရှိန်မြှင့်ရန်နည်းလမ်းများ စတင်ဆွေးနွေးခဲ့သည်။ (၂၀၁၀ပြည့်နှစ်မတိုင်မီ အာဆီယံက ပေါင်းစည်းလိုသော ကဏ္ဍ ၁၁ခုအနက် တစ်ခုအပါအဝင်ဖြစ်သော မော်တော်ကားလုပ်ငန်းကို တွေ့ရစဉ်။) **ဓာတ်ပုံ-အင်တာနက်**

အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေး

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပရန်မျှော်လင့်

မနီလာ စက်တင်ဘာ ၆

အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံနှင့် ကုလသမဂ္ဂတို့၏ လာမည့်ထိပ်သီးအစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံက လက်ခံကျင်းပရန် မျှော်လင့်ရကြောင်း ဒေသဆိုင်ရာ နေ့စဉ်သတင်းစာ မနီလာသတင်းစဉ်က တနင်္ဂနွေနေ့၌ သတင်းထုတ်ပြန်သည်။

အဆိုပါထိပ်သီးအစည်းအဝေးသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်နှင့်အတူ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် စက်တင်ဘာ ၂၈ ရက်တွင် နယူးယောက်၌ပြုလုပ်မည့် (၅၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဥက္ကဋ္ဌနှင့်အတူ ဆွေးနွေးကြဖွယ်ရှိသည်ဟု ကုလသမဂ္ဂဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီး လော်ရီအယ်လ်ဘာဂျာဂျားဒက်၏ ပြောကြားချက်ကို ၎င်းသတင်းစာက ကိုးကားဖော်ပြသည်။

အဆိုပါအချိန်တွင် ဒုတိယထိပ်သီးအစည်းအဝေးကို လက်ခံကျင်းပရန် အခြေအနေရှိကြောင်း၊ ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလက ဗန်ကောက်၌ အာဆီယံ-ကုလသမဂ္ဂထိပ်သီးအစည်းအဝေးကျင်းပပြီးနောက် အာဆီယံ-ကုလသမဂ္ဂ ကဏ္ဍစုံ ဖွံ့ဖြိုးမှုများတိုးလာကြောင်း ဘာဂျာကပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူချိန်တွင် အဆိုပါထိပ်သီးအစည်းအဝေးကို မနီလာ သို့မဟုတ် နယူးယောက်၌ကျင်းပရန် မျှော်လင့်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ

9-9 (05).p65 1 09.09.2004, 1:24 AM

ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ရေး ဒုတိယအကြိမ်ညှိနှိုင်းစည်းဝေး၊ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်း ပြန်ကြားရေးဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးအမှာစကားပြောကြား

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ် စာစောင်များ လှူဒါန်းရေး ဒုတိယအကြိမ် ညှိနှိုင်း အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းထံ အလှူရှင် မြို့တော်ဦးထွန်းရည်က စာအုပ် ၉၀၀ လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၈

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နိုင်ငံအဝန်း ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ရေးအတွက် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးနှင့် အလှူငွေ၊ စာအုပ်စာစောင်များ လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်အမှာစကားပြောကြားပြီး (အပေါ်ပုံ) **အလှူငွေများနှင့် စာအုပ် စာစောင်များကို လက်ခံသည်။**

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြဝတီစာပေတိုက်၊ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနခွဲတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြင်ပပုဂ္ဂလိကစာပေတိုက်များ၊ ဂျာနယ်တိုက်များ၊ မဂ္ဂဇင်းတိုက်များနှင့် စာအုပ်စာပေဖြန့်ချိရေးလုပ်ငန်းတို့မှ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ကိုယ့်အား ကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ဖြန့်ချိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့်ဌာန၊ အဖွဲ့အစည်းများနှင့် စာပေတိုက်များမှတာဝန်ရှိသူများကစိတ်ပါဝင်စားစွာအကြံပြုဆွေးနွေးတင်ပြကြသည်။

ဂုဏ်ပြုလွှာပေးအပ်

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ၂၀၀၄ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ပြုလုပ်ခဲ့သည့် ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် အလှူငွေနှင့်စာအုပ်၊စာစောင်များလှူဒါန်းခဲ့ကြသည့် အလှူရှင် ၁၈ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များအတွက် ငွေပဒေသာပင် အလှူငွေများနှင့် စာအုပ်စာစောင်များကိုပေးအပ်လှူဒါန်းကြရာသုဝဏ္ဏမြို့နေဦးမောင်မောင်အေး (မောင်ဟေမာ)က ငွေကျပ် ၁၀ သိန်း၊ လသာမြို့နယ်မှ ဒေါ်စန်းရီ၊ ဦးမြင့်ရွှေ၊ ဒေါ်အေးအေးသိန်းနှင့် ဦးဝင်းဆွေ (ဥက္ကဋ္ဌ WYZ Private Ltd.) သီဟသုခမ္မသီဂီဒေါက်တာဒေါ်ရီရီလှ (ယုဝတီခင်ဦး)တို့က ငွေကျပ် တစ်သိန်းစီ၊ ကြည့်မြင်တိုင်မှ ဦးတင်မောင်ဝင်း၊ ဗိုလ်ချုပ်လမ်းမှ ဦးခိုင်ထွေးနှင့် ပခုက္ကူမြို့မှ ဦးဝင်းမောင်တို့က ငွေကျပ် ၅၀၀၀၀ စီ၊ ဗဟန်းမြို့နယ်မှ ဒေါက်တာမာရီဖြူးက ငွေကျပ် ၃၀၀၀၀၊ ဦးမြင့်သိန်း (အထက-၁ ဒဂုံ) က ငွေကျပ် ၂၀၀၀၀၊ ဒေါ်ပုလဲ (မြပုလဲခင်)က ငွေကျပ် ၁၈၀၀၀၊ သာထက်အောင် မိတ္တူလုပ်ငန်းက ငွေကျပ်၁၀၀၀၀၊ အင်းလျားမြိုင်လမ်းမှ ဒေါက်တာနိုင်နိုင်မွန်နှင့် ဒေါ်ဂင်မူတို့က ငွေကျပ် ၅၀၀၀ စီ၊ အင်းစိန်မြို့မှ ဒေါ်ရတနာတင့်လွင်နှင့် ဦးထွန်းကြည် (မြဝတီဘဏ်) တို့က ငွေကျပ် ၃၀၀၀ စီ လှူဒါန်းကြပြီး ပညာရေးသုတေသနမှ ပညာပေးစာစောင် ၉၆၀၀၀၊ လာဘ်မိုးစွေစာပေမှ ဦးမောင်မောင်မြင့်အေးက မဂ္ဂဇင်း ၇၃၀၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းက သုတစာအုပ် ၁၅၀၀၊ မြို့တော်ဦးထွန်းရည်က ဂျာနယ်မျိုးစုံ၉၀၀၊ ဒေါ်သက်ရီ (ဂျက်ကော့)က စာအုပ် ၂၉၄ အုပ်၊ ဝါမိုးအောင်စာပေက မဂ္ဂဇင်း ၅၀၀၊ ဒဂုံတက္ကသိုလ်မှ ပါမောက္ခ ဒေါ်စိန်စိန်မြင့်က မဂ္ဂဇင်း ၃၀၀၊ မသင်းကြည်ဆန်းက မဂ္ဂဇင်းမျိုးစုံ၂၂၀၊ သီဂီရွှေရည်ပိုးထည်တိုက်က မဂ္ဂဇင်း ၁၃၆ အုပ်၊ ချို့ဇော်ကုမ္ပဏီက စာအုပ် ၄၀၀ ၊ လှိုင်ဆမ်ဆစ်စာပေက စာအုပ် ၂၀၀၊ ရွှေစာပေတိုက်ကစာအုပ် ၃၀၀၊ မြရာကုန်း ကျောင်းတိုက်မှ ဦးနန္ဒာသီရိက စာအုပ် ၂၃၂၅ အုပ်၊ ပတ္တမြားငမောက်စာပေက စာအုပ် ၁၀၀၊ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနခွဲကမဂ္ဂဇင်း၁၂၀၀၊ လွန်းထားထား(ဆေးတက္ကသိုလ်)က လုံးချင်းဝတ္ထု၁၅၀၊ သာလွန်စာပေတိုက်ကစာအုပ် ၁၀၀၊ ရာပြည့်စာအုပ်တိုက်က ၁၂၆ အုပ်၊ မြဝတီစာပေတိုက်က စာအုပ် ၁၅၀၊ ဦးကြည်ထွန်း(ထန်လှိုင်)က စာအုပ် ၁၂၀၊ ဒေါက်တာ သိန်းအောင်က ဂျာနယ် ၈၀၀၀၊ ရန်အောင်စာပေက စာအုပ် ၃၀၉ အုပ်၊ ဦးတင်မြင့်မောင် (မောင်ရေအေး၊ ဟားဗတ်တက္ကသိုလ်)က စာအုပ် ၁၀၀၊ ပူတူတူးလေးစာပေတိုက်က စာအုပ် ၂၀၀၊ အင်ပါယာစာပေက စာအုပ်၂၁၀၊ ဦးစောလွင် (ယောဂီ စောလွင်)က စာအုပ်၁၀၀၊ အင်းစိန်မြို့သစ်မှ ဦးဝင်းလှိုင်က မဂ္ဂဇင်း ၈၅၉အုပ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်မှ ဦးမျိုးဇော်ဝင်းက ၆၇၅ အုပ်၊ ခေထွန်းစာပေတိုက်က စာအုပ် ၅၀၊ တောင်ဥက္ကလာပမြို့နယ်မှ ဦးကျော်ကျော်ဦးက မဂ္ဂဇင်း ၂၀၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဦးစံထွန်းက ၂၃၄ အုပ်၊ စမ်းချောင်းမြို့နယ်မှ ဒေါ်ဘေဘီဟိန်းက စာအုပ် ၂၈၀၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ ဗိုလ်မှူးကြီးမင်းဆွေက စာအုပ်၂၅၀၊ သန်းဝင်းရှိန်စာပေက စာအုပ် ၃၀၀၊ သီဟရတနာစာပေက ၈၁၂ အုပ်၊ ရေကြောင်း ပညာတက္ကသိုလ်မှ ၆၃အုပ်၊ မင်းရွှေမင်း(အင်းစိန်)က စာအုပ် ၁၀၀၊ တာမွေမြို့နယ်မှ ဒေါ်ကြူကြူဝင်းက စာအုပ်၄၂၃အုပ်၊ ဦးချိုမနားထန်းက သတင်းစာ ၅၄၀၊ ဦးအောင်ကျော်မင်းက စာအုပ် ၁၈၀၊ ဒေါက်တာတင်နွယ်ဦးက စာအုပ်၁၉၄ အုပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရေသန့် အင်ဂျင်နီယာဌာနက ၃၇အုပ်၊ ဦးဥတ္တမသာရက ဘာသာရေးစာစောင် ၂၅၈ စောင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က မဂ္ဂဇင်း စာအုပ် ၁၈၀၊ မသော်သော်ဇင်က ၈၆အုပ်၊ ကျောက်တံတားမြို့နယ်မှ မခင်စန္ဒာလင်းက ၇၄အုပ်၊ စမ်းချောင်းမြို့နယ်မှ ဒေါ်သန်းကြည်က ၆၂အုပ်၊ လောကနတ်စာပေက ကာတွန်းစုံ ၆၀၀၊ လသာမြို့နယ်မှ ဒေါ်ကြူကြူက ၁၅၂အုပ်၊ ဒေါင်းယာဉ်ပျံ စက်မှုလုပ်ငန်းက ၃၇၅အုပ်၊ ဗိုလ်တထောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ဂျာနယ်မျိုးစုံ ၄၁၀၊ ဒေါ်ဂင်မူ (စီမံကိန်းရေးဆွဲရေးဦးစီးဌာန)က စာစောင် ၁၁၁ စောင်၊ ဟာဂျီ ဦးမြင့်ကြည်က မဂ္ဂဇင်းစုံ ၄၃၀၊ Health Digest ဂျာနယ်က ဂျာနယ် ၂၈၀၀၊ စမ်းချောင်းမြို့နယ်မှ ဦးတင်မောင်က စာအုပ် ၁၀၀၀၊ မွန်စာပေက ဝတ္ထုတိုပေါင်းချုပ် ၅၀၊ ဦးအောင်ကြည်စိန်က စာအုပ်၂၇၄အုပ်၊ ဒါရိုက်တာ မောင်ရှိန်းက စာအုပ်၄၀၀၊ မြန်မာစာအဖွဲ့ ဦးစီးဌာနက စာအုပ် ၃၇၂ အုပ်၊ စမ်းချောင်းမြို့နယ်မှ ဒေါ်စန်းစန်းရီက စာအုပ်၂၀၀၊ သုဝဏ္ဏမြို့မှ ဦးဘတင်က ၈၆အုပ်၊ ဒေါက်တာမိုလာက စာအုပ် ၄၀၀၊ ဟိန်းစည်ကုမ္ပဏီက စာအုပ် ၁၇၅ အုပ်၊ ဒေါက်တာ မြမြဝင်းက စာအုပ် ၂၀၀၊ ဒေါ်ပုလဲ (မြပုလဲခင်)က စာအုပ် ၃၉၂အုပ်၊ ဗိုလ်မှူးချုပ်တင်ဦး (လေ)မိသားစုက စာအုပ်၉၀၊ ဦးသန်းထွဋ်အောင်က ၆၇အုပ်၊ ဒေါက်တာခင်စန်းမော်က မဂ္ဂဇင်း၅၇အုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးက ကျေးဇူးတင်စကားပြောကြားပြီးညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များအတွက် လှူဒါန်းငွေနှင့် စာအုပ်များမှာအလှူရှင်၁၅ ဦးတို့က အလှူငွေကျပ် ၁၅၄၄၀၀၀ နှင့် စာအုပ်အလှူရှင် ၇၅ ဦးတို့က ငွေကျပ် ၄၉၂၉၅၀ တန်ဖိုးရှိ စာအုပ်စာစောင်ပေါင်း ၁၂၉၆၃၂ အုပ်တို့ကို ပေးအပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ခုနှစ်ရက်သတင်းဂျာနယ် အတွဲ(၃)၊အမှတ်(၂၅)ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၈

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ ခွင့်ပြုချက်ဖြင့် မော်တော်ယာဉ်များ ထုတ်လုပ်လျက်ရှိ၊ ဆိပ်ခံတံတား အအေးခန်းငါးဈေးနှင့် ရေထွက်ပစ္စည်း အချောထည်စက်ရုံများ ပါဝင်သည့် မြန်မာနိုင်ငံ၏ပထမဦးဆုံး ရေလုပ်ငန်းစက်မှုဇုန်ကြီး ၂၀၀၅ ခုနှစ် အကုန် စတင်လည်ပတ်တော့မည်၊ မြန်မာပြည်အလယ်ပိုင်းတွင် စံပြ ဆိတ်၊ သိုးမွေးမြူရေးခြံများ တည်ဆောက်မည် စသည့် ပြည်တွင်းရေးရာသတင်းဝေဝေဆာဆာနှင့်အတူ ရုရှားလေယာဉ်နှစ်စင်းအသေခံဗုံးခွဲခံရမှုအယ်ကေးဒါးနှင့်ဆက်နွှယ်နေ၊ အချက်မသိတော့မော်ဒန်အတ်ကိုအမှိုက်ထင်၊ ကမ္ဘာ့ထက် နှစ်ဆကျော်ကြီးသည့် ဂြိုဟ်ကြီးနှစ်လုံး ထပ်မံတွေ့ရှိ၊ ခရီးကြမ်းသုံး ပြိုင်ကားများကို စင်ကာပူက အကြမ်းဖက် တန်ပြန်ရေးတွင်သုံးစွဲမည်၊ ရုပ်ပွဆူညံအိမ်မှကလေးဉာဏ်ရည် နိမ့်နေတတ်စသည့် နိုင်ငံတကာရေးရာ သတင်းဆောင်းပါးဝေဝေဆာဆာကို e-Empire Media House ဖုန်း-၇၀၃၈၁၃ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

(က-ပ)

ပညာရှေ့ပြေး စာတတ်ရေး

❋ ပညာဆိုတာ လောကီမှာ
သူဟာ အဓိကပါ။
❋ သူပါမှပင် လောကီတွင်
အောင်မြင် ချောမောတာ။
❋ အလားတူစွာ လောကုတ္တရာ
ပညာ အဓိကပါ။
❋ ပညာဖြင့်သာ နိဗ္ဗူတာ
လှမ်းကာ ရောက်နိုင်တာ။
❋ ထိုသည့်ပညာ ရဖို့ရာ
ဦးစွာပထမ စာတတ်မှ။
❋ စာတတ်မှသာ မြတ်ပညာ
ဖွေရှာ ရနိုင်တာ။
❋ ပညာရှေ့ပြေး စာတတ်ရေး
လေးပေး အားထုတ်စို့လေး။ ။

နွယ်ချို

(နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကိုဂုဏ်ပြုလျက်)

အထူးကျေးဇူးတင်ရှိပါကြောင်း

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

ပထမအကြိမ်လှူဒါန်းပွဲ (၁၇-၈-၂၀၀၄) ရက်နေ့တွင် စာအုပ်၊စာစောင်ပေါင်း (၁၄၃၂၅)အုပ်၊ငွေ ကျပ် (၉၀၀၀၀)
နှင့်
ဒုတိယအကြိမ် လှူဒါန်းပွဲ (၇-၉-၂၀၀၄) ရက်နေ့တွင် စာအုပ်၊စာစောင်ပေါင်း (၁၂၉၆၃၂)အုပ်၊ ငွေ ကျပ် (၁၅၄၄၀၀၀)
လှူဒါန်းလက်ခံရရှိပါသည်။

လှူဒါန်းကြသည့်စေတနာရှင်များအား ပြန်ကြားရေးဝန်ကြီးဌာနက အထူးကျေးဇူးတင်ရှိပါသည်။

တတိယအကြိမ်ညှိနှိုင်းအစည်းအဝေးနှင့် လှူဒါန်းပွဲကို မကြာမီဆက်လက်ကျင်းပသွားမည်ဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

မြန်မာ့ရုပ်မြင်သံကြား

၉-၉-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကရေဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၅	၆။	အကပဒေသာ
၈း၂၀	၇။	လဂွမ်းပြင်ရေလှောင်တမံ
၈း၃၀	၈။	International News
၈း၄၅	၉။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု)(သတ္တဗေဒ)
၁၇း၁၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇း၃၀	၇။	၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် မဟာဂီတ (ဝါသနာရှင်အဆင့်) (အမျိုးသား) (အမျိုးသမီး)
၁၇း၄၅	၈။	"အန္တရာယ်ကင်းစေ ဘေးရှင်းစေ" လူမင်း၊ ဟန်နီထွန်း (ဒါရိုက်တာ-သက်တင်)
၁၈း၀၀	၉။	တေးဂီတအစီအစဉ်
၁၈း၁၅	၁၀။	နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈း၃၀	၁၁။	ညနေခင်းသတင်း
၁၉း၀၀	၁၂။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း"** (အပိုင်း-၉)
၁၉း၃၅	၁၄။	တေးဂီတအစီအစဉ်
၂၀း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	မြန်မာဗီဒီယိုဇာတ်လမ်း **'အချစ်ဆုံးလေး စူးသွားပြီ'** (အပိုင်း-၁) လူမင်း၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-မောင်ဖေဒါ)

လက်ခံတွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးနှင့် UNDPကိုယ်စားလှယ် Mr. Charles James Petrie အား ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဖရူဆိုမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် စာရေးစားပွဲ နှင့် ထိုင်ခုံများကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်လှူဒါန်းစဉ်။

(သစ်တော)



နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် ယူအင်န်ဒီပီကိုယ်စားလှယ်အားလက်ခံတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် UNDP ကိုယ်စားလှယ် Mr. Charles James Petrie အား ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် UNDP ကိုယ်စားလှယ်က မြန်မာနိုင်ငံ၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် UNDP တို့ ပူးပေါင်းဆောင်ရွက်နေသည့် ကျန်းမာရေးစီမံကိန်းများကို ရှင်းလင်းတင်ပြသည်။ **(သတင်းစဉ်)**

ကယားပြည်နယ်ကျေးရွာများရှိ ကျောင်းဆောင်သစ်များဖွင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အားပေး

ရန်ကုန် စက်တင်ဘာ ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့နယ် ဒေါတနောကျေးရွာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး ဒေါတနော၊ ကုန်းဆွတ်၊ ကျောက်ကြီးကျေးရွာတို့မှ ကျေးရွာလူထုနှင့်တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်မှု တင်ပြချက်များကို ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးသည်။

ပေးအပ်လှူဒါန်း

ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင်သည် မွန်းလွဲပိုင်းတွင် ကယားပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် လွိုင်ကော် မြို့နယ် မိုက်ကန်းကျေးရွာ မူလတန်းကျောင်းသို့ရောက်ရှိပြီး တိုးချဲ့ကျောင်းဆောင်သစ်ဆောက်လုပ်မှုကို ကြည့်ရှု စစ်ဆေးသည်။

ဗဟိုအလုပ်အမှုဆောင် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် စက်တင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ဖရူဆိုမြို့နယ် ထီးကလူဒေါကျေးရွာသို့ရောက်ရှိပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ဖရူဆိုမြို့ အထက်တန်းကျောင်း၌ ကျင်းပသော စာရေးစားပွဲနှင့် ထိုင်ခုံများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်က ဖရူဆိုမြို့ အထက်တန်းကျောင်းအတွက် ကျောင်းသုံးပရိဘောဂ အစုံ ၁၀၀ ကို ကျောင်းအုပ်ကြီး ဒေါ်ခင်ခင်အေးသို့လည်းကောင်း၊ မရေရှည်ကျေးရွာ အလယ်တန်းကျောင်းအတွက် ကျောင်းသုံးပရိဘောဂအစုံ ၅၀ ကို ကျောင်းအုပ်ကြီး ဦးခိုင်ထွန်းသို့လည်းကောင်း၊ မြို့နယ်ဆေးရုံအတွက် ပရိဘောဂ ၁၀ စုံကို သူနာပြုဆရာမကြီး ဒေါ်နော်လူဖော်ကြီးသို့လည်းကောင်း အသီးသီးလွှဲပြောင်းပေးအပ်ပြီး ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးက မြို့နယ်ဆေးရုံအတွက် တီဗွီတစ်လုံးကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင်သည် ဒီမောဆိုမြို့နယ် ဆိုဘောသဲကျေးရွာ မူလတန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းဆောင်သစ်ဖွင့်ပွဲသို့တက်ရောက်၍ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်က ကျေးရွာဆေးခန်းဆောက်လုပ်ရေးအတွက် အလှူငွေများကိုလည်းကောင်း၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းလွန်ကျောင်း၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ကျောင်းသူကျောင်းသားများအား ကြက်သားပဲနှပ် ကျွေးမွေးနေသည်ကို မြို့နယ်ပညာရေးမှူး ဦးမင်းစိန်နှင့် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးချစ်ကြည်တို့က ကြည့်ရှုအားပေးစဉ်။ (က-ပ)

ပို့ဆောင်ရေးဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၈

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်သည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့်တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲ လက်ထောက်အထွေထွေမန်နေဂျာရုံးသို့ရောက်ရှိပြီး ခရီးသည်များအား ရေယာဉ်လက်မှတ်ရောင်းချမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လမ်းသစ်ဖောတံတားသို့ရောက်ရှိကြပြီး ဗလကျော်ခေါင်ရေယာဉ်ပေါ်သို့တက်ရောက် ကြည့်ရှုစစ်ဆေးရာ ရေယာဉ်နှင့်ခရီးသည်များ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ရေယာဉ်ပေါ်တွင်ထားရှိသည့် အသက်ကယ်ပစ္စည်းများ ပြည့်စုံစွာထားရှိမှုအခြေအနေ၊ ခရီးသည်အိပ်ခန်းများ၊ နားနေခန်းနှင့် ရေယာဉ်မောင်းနှင်ခန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ရန်ကုန်မြစ်အတွင်း ပြေးဆွဲသွားလာလျက်ရှိသော ရေယာဉ်များအခြေအနေကို ရေယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၄ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ် အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ(အလွတ်တန်း)တွင် တတိယဆုရရှိသော ရန်ကုန်ပညာရေးတက္ကသိုလ်မှ ဘီအီးဒီစတုတ္ထနှစ် ကျောင်းသူ မအေးမြခိုင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

■ *ကျောဖုံးမှ*

အခမ်းအနားတွင် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများဖြစ်ကြသည့် မရတနာအေးမင်းနှင့် မဟောက်ခန့်ဒင်(မ်)တို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

ရှေးဦးစွာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူလေးများက 'တို့အင်အား'သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ကောင်းမြတ်သည့်အစဉ်အလာ

ထို့နောက် မြန်မာနိုင်ငံပညာရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိန့်ခွန်း ပြောကြားရာတွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက စက်တင်ဘာ ၈ ရက်ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့ (International Literacy Day) အဖြစ် ၁၉၆၇ခုနှစ်ကစပြီး သတ်မှတ်ပေးခဲ့ပြီးသည့်နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် အခြားသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနည်းတူ **'နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနား'**များကို နှစ်စဉ်နှစ်တိုင်း တက်ကြွစွာ ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် အလွန်ကောင်းမြတ်သည့် အစဉ်အလာတစ်ရပ်အဖြစ် စွဲစွဲမြဲမြဲဖြစ်ထွန်းနေခဲ့ပြီဖြစ်ကြောင်း။

အမှန်တကယ်အားဖြင့် မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလှုပ်ရှားမှုများသည် မြန်မာနိုင်ငံ ပုဂံခေတ်ကာလကပင် စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ကြောင်း၊ အထူးသဖြင့် ဘုန်းတော်ကြီးသင်ကျောင်းများက စတင်ကာ အမျိုးသမီး အမျိုးသား မခွဲခြားဘဲ စာပေလေ့လာသင်ယူမှုများ ပြုလုပ်ခဲ့ကြသည့် အစဉ်အလာကောင်းများ ပေါ်ထွန်းခဲ့သည်ကို တွေ့ရကြောင်း၊ အမျိုးသမီးများသည် ထမင်းချက်ရင်း၊ ဗိုင်းငင်ဝါဖန့်ရင်း၊ မောင်းထောင်းဆန်ပြာရင်း စာပေများရွတ်ဖတ်ကြ၊ ဗဟုသုတဖလှယ်ကြသည့် အစဉ်အလာကောင်းများ ဖြစ်ထွန်းခဲ့ခြင်းကြောင့် မြန်မာတို့၏ စာပေလေ့လာမှု၊ စာတတ်မြောက်မှု လှုပ်ရှားမှုများသည် အခြားသော နိုင်ငံများထက် ရှေးကျခဲ့သည်မှာ အထင်အရှားပင်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း အဆင့်အတန်းမြင့်မားသော စာပေပညာရှင်အကျော်အမော်များသည် ပုဂံခေတ်ကာလမှသည် ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ဟံသာဝတီ၊ ညောင်ရမ်း၊ ကုန်းဘောင်၊ ရတနာပုံခေတ်ကာလအထိ အထင်အရှား ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်ကို တွေ့ရကြောင်း။

အထူးအလေးထား

ယနေ့အချိန်အခါကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍအသီးသီးကို ပညာရေးက လွှမ်းမိုးပိုင်းဖြတ်နေသည့် အချိန်အခါကာလတွင် ကမ္ဘာပေါ်ရှိ လူသားများအားလုံး၏ ပညာရေးတိုးတက်မြင့်မားမှုသာလျှင် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်နှင့် ကမ္ဘာ့နိုင်ငံများအကြား ဆင်းရဲချမ်းသာ ကွာဟချက်များ ကျဉ်းမြောင်းလျော့နည်းလာမည်ဖြစ်ကြောင်း၊ ထို့အပြင် အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သောနိုင်ငံများဖြင့် ဖွဲ့စည်းထားသည့် တည်ငြိမ်အေးချမ်းသော ကမ္ဘာကြီးပေါ်ထွန်းလာလိမ့်မည်ဆိုသည့် ယုံကြည်မျှော်လင့်ချက်များဖြင့် နိုင်ငံတိုင်းသည် မိမိတို့ နိုင်ငံသူ နိုင်ငံသားများ၏ ပညာရည်မြင့်မားရေးအတွက် အထူးအလေးထားကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့်လည်း ယနေ့အချိန်အခါကာလတွင် ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်သော၊ ပညာရည်မြင့်မားသော နိုင်ငံသူ နိုင်ငံသားများကသာလျှင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်ရေးတို့အတွက် ကြိုးပမ်းစွမ်းဆောင်ပေးနိုင်မည်ဆိုသည့် ခံယူချက်ဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေးကို အမျိုးသားရေး ဦးတည်ချက်တစ်ရပ်အဖြစ်ထားရှိပြီး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် လူတိုင်းစာတတ်မြောက်မှသာလျှင် အမှားအမှန်၊ အကျိုးအပြစ်ကို ဝေဖန်ပိုင်းခြားတတ်သော အတွေးအခေါ်ကောင်းများဖြစ်ထွန်းကာ သူတစ်ပါး၏သွေးဆောင်ဖြားယောင်းမှု၊ မကောင်းသော ရည်ရွယ်ချက်ဖြင့် မကောင်းသောလမ်းကြောင်းကို တွန်းပို့တတ်သော မသမာသူအဖျက်အမှောင့်သမားများ အန္တရာယ်မှ မိမိ၏မိသားစု၊ မိမိပြည်သူ၊ မိမိနိုင်ငံကို မိမိတို့၏ စုပေါင်းအင်အားဖြင့် ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း။

ယခုကဲ့သို့ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင်–

- **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက်မြှင့်တင်ပေးနိုင်မည့် ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ ဘက်စုံကဏ္ဍစုံ၌ဖြစ်ထွန်းနေစေရေး၊**
- **အရည်အသွေးမြင့်မားသည့် အသိပညာရှင် အတတ်ပညာရှင်များ ပညာရပ်နယ်ပယ်စုံ၌ ပေါ်ထွန်းလာစေရေးတို့အပြင်**
- **နိုင်ငံသူ နိုင်ငံသားတိုင်း အခြေခံစာတတ်မြောက်စေရေးနှင့်**
- **အချိန်အခါ အသက်အရွယ်နှင့် ပညာအဆင့်အတန်းမရွေး အစဉ်ထာဝရ ပညာသင်ယူလေ့လာနိုင်သည့် အခြေခံနှင့်အခွင့်အလမ်းများဖြစ်ထွန်းနေပြီး စဉ်ဆက်မပြတ် လေ့လာသင်ယူနေသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီး ပေါ်ထွန်းလာစေရေး၊**
- **အမှားအမှန် ဝေဖန်ပိုင်းခြားတတ်သော အတွေးအခေါ်ကောင်းများ ဖြစ်ထွန်းကာ နိုင်ငံတော်၏ အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်နိုင်စေရေး**

တို့အတွက်ပါ ဟန်ချက်ညီညီ စီမံကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ပညာရေးကဏ္ဍ၌ တန်းစဉ်တက်ကျောင်းပညာရေး(Formal Education)နှင့် ကျောင်းစနစ်ပြင်ပ ပကတိအခြေအနေများနှင့် ကိုက်ညီဆီလျော်သည့် ကျောင်းပြင်ပ ပညာရေး (Non-Formal Education)ဆိုသည့် နည်းလမ်းနှစ်သွယ်ကို ယှဉ်တွဲဆက်စပ် ကြိုးပမ်းဆောင်ရွက်ရင်း နိုင်ငံသူနိုင်ငံသားတိုင်း ဘဝတစ်သက်တာ သင်ယူသူ(Lifelone Learner)ဖြစ်လာစေရန်နှင့် မိမိတို့ကိုယ်တိုင် စိတ်ကြိုက်ချမှတ်သင်ယူနည်းစနစ် (Informal Education)တစ်ခု ဖြစ်ထွန်းရရှိလာစေရန်ကို နိုင်ငံတော်က ဦးဆောင်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

"တစ်မျိုးသားလုံးပညာရည်မြင့်မားရေးနှင့် လူတိုင်းစာတတ်မြောက်ရေး"ကို ဦးတည်ပြီး နိုင်ငံသားတိုင်း အခြေခံပညာသင်ယူခွင့် အခွင့်အလမ်းများ တိုးတက်ရရှိစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာတွင် ကျောင်းနေအရွယ်ကလေးတိုင်း မူလတန်းပညာပြီးဆုံးရေးနှင့် သက်ကြီးစာမတတ်သူ ပပျောက်ရေး အစီအစဉ်များ စနစ်တကျရေးဆွဲပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

နှစ်စဉ်တိုးတက်

ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေနိုင်ရေး၊ ကျောင်းနေမြဲရေးကို ရည်မှန်းချက်တစ်ရပ်အနေဖြင့် ချမှတ်ပြီး ၁၉၉၉ ခုနှစ် ပညာရေးမြှင့်တင်မှု အစီအစဉ်(ဒုတိယအဆင့်)ကစပြီး အမျိုးသားရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် စည်းရုံးဆောင်ရွက်ခဲ့သည့်အတွက် ငါးနှစ်ပြည့်ပြီး ကလေးများ၏ ကျောင်းဝင်နှုန်းသည် ၁၉၉၉–၂၀၀၀ ပညာသင်နှစ်တွင် ၉၁ ရာခိုင်နှုန်းသာရှိခဲ့ရာက ၂၀၀၄–၂၀၀၅ ပညာသင်နှစ်တွင် ၉၆ ဒသမ ၅၆ ရာခိုင်နှုန်းရှိလာသည်အထိ နှစ်စဉ်တိုးတက်လာခဲ့သည်ကို တွေ့ရကြောင်း၊ ယခုကဲ့သို့ တိုးတက်ဖြစ်ထွန်းလာခြင်းသည် ပြည်သူများနှင့် စေတနာရှင်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ပေးမှုများကြောင့်လည်းဖြစ်ကြောင်း။

ယခုကဲ့သို့ ပုံမှန်ပညာရေး စီမံကိန်းများအပြင် သာမန်ကျောင်းချိန်အတွင်း ကျောင်းသို့ရောက်လာရန် အခက်အခဲရှိသည့် ကျောင်းနေအရွယ်ကလေးများနှင့် ကျောင်းနေအရွယ်လွန်ကလေးများအတွက် ကျောင်းပြင်ပမူလတန်းပညာရေးအထူးအစီအစဉ် (Non-Formal Primary Education Programme)နှင့် မူလတန်းပြီးမြောက်သူ ကလေးငယ်များအတွက် အလယ်တန်းပညာကို အိုးမကွာ အိမ်မကွာ မိမိတို့၏ ရပ်ရွာ၌ပင် သင်ယူနိုင်သည့် မူလတန်းလွန်ကျောင်းအစီအစဉ် (Post-Primary School Programme) တို့ကိုပါ တိုးမြှင့်စီမံဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိကြောင်း။

ထို့အပြင် ကျေးလက်နေ ပြည်သူများ၏ ပညာရေးဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရေး၊ ကျန်းမာရေး စောင့်ရှောက်ပေးသည့် အခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းစေရေးတို့ အပါအဝင် ကျေးလက်နေပြည်သူများ၏ စီးပွားရေးဘဝနှင့် လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားစေမည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး(၅)ရပ်ကို နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာတွင် ကျေးလက်နေပြည်သူများ၏ ပညာရေးအခြေခံများ မြှင့်တင်ပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းရေးကို လက်တွေ့အားဖြင့် ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ကျောင်းပြင်ပ ပညာရေးပုံစံတစ်ရပ်အဖြစ် ယှဉ်တွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

တိုးတက်မြင့်မားလာ

ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် မိမိတို့ နိုင်ငံသူနိုင်ငံသားတိုင်း စာတတ်မြောက်စေရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တစ်မျိုးသားလုံး ပူးပေါင်းပါဝင်ပြီး အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် စာတတ်မြောက်မှုနှုန်းသည် တစ်နှစ်ထက်တစ်နှစ် မှန်မှန်ချည်း တိုးတက်မြင့်မားလာလျက်ရှိနေပြီဖြစ်ကြောင်း။

ယခုကဲ့သို့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ စီမံဆောင်ရွက်ခဲ့သည့်အတွက် သက်ကြီးစာတတ်မြောက်မှုနှုန်းသည်



၂၀၀၄ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် အခမ်းအနားတွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအာနန်၏ သဝဏ်လွှာကို ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး **Mr. Charles James Petrie** က ဖတ်ကြားစဉ်။

(သတင်းစဉ်)

၂၀၀၄ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် အခမ်းအနားတွင် ယူနက်စကိုညွှန်ကြားရေးမှူးချုပ်၏သဝဏ်လွှာကို မြန်မာနိုင်ငံယူနက်စကိုအမျိုးသားကော်မရှင် အထွေထွေအတွင်းရေးမှူး ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်ဇော်က ဖတ်ကြားစဉ်။ (သတင်းစဉ်)

လူတိုင်းအတွက်ပ...

အစဉ်လေ့လာသင်...

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ် အထိမ်းအမှတ်ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိသော မော်လမြိုင် ပညာရေးကောလိပ် လုပ်ငန်းခွင်အကြို ဒုတိယနှစ်မှ မသူသူစိုးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ဧည့်သည်တော်များ ၂၀၀၄ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ် အထိမ်းအမှတ် စာတတ်မြောက်ရေးလှုပ်ရှားမှုပြကွက်များကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

းအတွက်ပညာရေးအစီအစဉ်များအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသားရေးစိတ်ဓာတ်အပြည့်အဝဖြင့်ကြိုးပမ်း
လှလာသင်ယူနေသော၊ အစဉ်တွေးခေါ်ကြံဆနေသည့် မြန်မာ့လူ့အဖွဲ့အစည်းကြီးဖြစ်ထွန်းလာစေရေးဆက်လက်ဆောင်ရွက်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ် အထိမ်းအမှတ် စာတတ်မြောက်ရေးလှုပ်ရှားမှုပြကွက်များကို ကြည့်ရှုအားပေးစဉ်။ (မြန်မာ့အလင်း)

၁၉၉၆ ခုနှစ်တွင် ၈၃ ရာခိုင်နှုန်းသာ ရှိခဲ့ရာက ၂၀၀၃ ခုနှစ်မှာ ၉၂ ဒသမ၂ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာခဲ့ကြောင်း။

ထူးထူးခြားခြားအောင်မြင်

၂၀၀၄ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ပြည်နယ်နှင့်တိုင်း အသီးသီးက မိမိတို့ဒေသ၊ မိမိတို့အခြေအနေနှင့် ဆီလျော်ကိုက်ညီမှုရှိသည့် စာတတ်မြောက်ရေးလုပ်ငန်းစီမံချက်များ ကိုယ်စီကိုယ်စီ ရေးဆွဲပြီး ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှု၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ၏ ပူးပေါင်းပါဝင်ကူညီမှုများဖြင့် စာတတ်မြောက်ရေးလှုပ်ရှားမှုများကို အရှိန်အဟုန်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြကြောင်း၊ ယခုကဲ့သို့ ဒေသအခြေအနေကို အခြေခံသည့် စာတတ်မြောက်ရေး ကြိုးပမ်းမှုအစီအစဉ်ကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် ထူးထူးခြားခြား အောင်မြင်ဖြစ်ထွန်းမှုများ ရရှိလာသည်ကို တွေ့ရကြောင်း။

၂၀၀၄ ခုနှစ် စာတတ်မြောက်ရေးလုပ်ငန်းများ၏ အကျိုးကျေးဇူးရလဒ်ကောင်းများအနေဖြင့် တိုတောင်းသော အချိန်ကာလအပိုင်းအခြားအတွင်း တွင်ပင်-

- **နယ်စပ်ဒေသ ‘အ’သုံးလုံးအစီအစဉ်များအရ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ဒေသ လောက်ကိုင်မြို့နယ်၊ ကွတ်ခိုင်၊ မူဆယ်မြို့နယ်များ၊ ‘ဝ’ဒေသရှိ ဟိုပန်မြို့နယ်၊ ပလောင်ဒေသရှိ မန်တုံမြို့နယ်၊ သံလွင်(အရှေ့ခြမ်း) ကျိုင်းတုံဒေသရှိ မိုင်းဆတ်၊ မိုင်းပျင်း၊ မိုင်းခုတ်၊ မိုင်းတုံ၊ မိုင်းယန်း၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ တာချီလိတ်၊ ကျိုင်းတုံမြို့နယ်များနှင့် ရခိုင်ဒေသက ဘူးသီးတောင်မြို့နယ်များမှ နယ်စပ်အစွန်အဖျား ကျေးလက်ဒေသများက ယခင်က လုံးဝစာမတတ်သူများအနက် ၃၉၀၀ ကျော် စာတတ်မြောက်လာခဲ့ကြောင်း။**
- **ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)များတွင် ပြည်နယ်လုံးကျွတ် စာတတ်မြောက်ရေးလှုပ်ရှားမှုများ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ၇၁၀၀၀ ကျော် စာတတ်မြောက်လာခဲ့ကြောင်း။**
- **ပြည်နယ်၊ တိုင်းလုံးကျွတ် စာတတ်မြောက်ရေး ဆောင်ရွက်ပြီးသည့် ပြည်နယ်၊ တိုင်း အသီးသီးမှ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော နေရာဒေသများတွင် ကောက်သင်းကောက် စာတတ်မြောက်ရေး လှုပ်ရှားမှုများ ထပ်မံပြီး ပြုလုပ်ပေးခဲ့ခြင်းကြောင့် စာတတ်မြောက်လာသူ ၁၈၀၀၀၀ ခန့်ရှိလာခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ၂၀၀၄ ခုနှစ် နွေရာသီ စာတတ်မြောက်ရေး အထူးလုပ်ငန်းအစီအစဉ်အရ ယခင်က စာမတတ်သူနှစ်သိန်းခွဲကျော်သည် ယခုစာတတ်မြောက်လာခဲ့ကြပြီ ဖြစ်ကြောင်း။**

ယင်းကဲ့သို့ ကြိုးပမ်းအကောင်အထည်ဖော်မှုများကြောင့် ၂၀၀၄ ခုနှစ် မြန်မာနိုင်ငံ၏ သက်ကြီးစာတတ်မြောက်မှုနှုန်းမှာ ၉၃ ဒသမ ၃ ရာခိုင်နှုန်းသို့ တိုးတက်လာပြီဖြစ်သည့်အတွက် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဝင့်ကြွားဖွယ် အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ထို့အပြင် စာတတ်မြောက်လာသူများအတွက် မိမိ၏ စိတ်ဆန္ဒအရ ဆက်လက်သင်ယူနိုင်သည့် ပညာရေးအခွင့်အလမ်းများ ဖော်ဆောင်ပေးသည့် အနေဖြင့် ရပ်ရွာပညာပဒေသာဌာနများ၊ ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ပြီး စာဖတ်ရှိန်မြှင့်တင်ရေး၊ ဝင်ငွေတိုးရေးနှင့် ဘဝသာယာရေးလုပ်ငန်းများ ပါဝင်သည့် Continuing Educationဟုခေါ်သော စဉ်ဆက်ပညာရေး အစီအစဉ်များကို အကောင်အထည်ဖော်လျက်ရှိရာ တစ်နိုင်ငံလုံး၌ ၂၀၀၃ ခုနှစ်က ရပ်ရွာပညာပဒေသာဌာနပေါင်း ၄၈၁ ခုသာ ရှိခဲ့ရာမှ ယခုအခါ ရပ်ရွာပညာပဒေသာဌာနပေါင်း ၈၅၅ ခုအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ပြင် ကျေးလက်စာကြည့်တိုက်များလည်း ၇၃၆၄ ခု ဖွင့်လှစ် နိုင်ခဲ့ပြီဖြစ်ကြောင်း။

တိုးတက်အောင်မြင်ဖြစ်ထွန်း

ထို့အပြင် ၂၀၀၄ ခုနှစ်အတွက် ပြည်နယ်နှင့်တိုင်း အခြေပြုစာတတ်မြောက်ရေး စီမံချက်ရေးဆွဲနိုင်ရေးအတွက် **“အီလက်ထရွန်နစ်နည်းစနစ်သုံး ကျောင်းပြင်ပပညာရေးစွမ်းရည်မြှင့်သင်တန်း”**ကို သင်ယူမှုဌာနပေါင်း ၁၉၂ ခုသို့ ထုတ်လွှင့်ပြီး ဆရာ၊ ဆရာမများနှင့် လူမှုရေးအသင်းအဖွဲ့များမှ သင်ယူသူပေါင်း ၇၀၀၀ ကျော်ကို e-Educationစနစ်ဖြင့် ပို့ချပေးနိုင်ခဲ့ သည့်အတွက် လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင် ဖြစ်ထွန်းလာသည်ကို တွေ့ရကြောင်း။

ယခုကဲ့သို့ လူတိုင်းစာတတ်မြောက်ရေးနှင့် လူတိုင်းအတွက် ပညာရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတော်အစိုးရက ဘက်စုံကဏ္ဍစုံက နည်းလမ်းအသွယ်သွယ်ဖြင့် စီမံဆောင်ရွက်ပေးနေသကဲ့သို့ တစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ် အပြည့်အဝဖြင့် ပုဂ္ဂလိကနှင့် စေတနာရှင်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ကြိုးပမ်းစွမ်းဆောင်မှုများကြောင့် အောင်မြင်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများ ထူးထူးခြားခြား ရရှိဖြစ်ထွန်းနေသည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ် တွေ့မြင်နေရပြီဖြစ်ကြောင်း။

ထို့ကြောင့် ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် အောင်မြင်မှုအကျိုးရလဒ်ကောင်းများအပေါ်၌ တစ်မျိုးသားလုံး၏ တက်ကြွသော ပါဝင်ကြိုးပမ်းအားထုတ်မှု စွမ်းအားများ ပေါင်းစပ်ပြီး မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး စာတတ်မြောက်

စာမျက်နှာ ၁၁ ကော်လံ ၁

တစ်မျိုးသားလုံးအတွက် ဂုဏ်ပြုဝင့်ကြွားဖွယ် အကျိုးရလဒ်ကောင်းများ

- ❐ ၁၉၉၉ ခုနှစ် ပညာရေးမြှင့်တင်မှုအစီအစဉ်(ဒုတိယအဆင့်)ကစပြီး အမျိုးသားရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် စည်းရုံးဆောင်ရွက်ခဲ့သည့်အတွက် ငါးနှစ်ပြည့်ပြီး ကလေးများ၏ ကျောင်းဝင်နှုန်းသည် ၁၉၉၉-၂၀၀၀ ပညာသင်နှစ်တွင် ၉၁ ရာခိုင်နှုန်းသာ ရှိခဲ့ရာက ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် ၉၆ ဒသမ ၅၆ ရာခိုင်နှုန်း ရှိလာသည်အထိ နှစ်စဉ်တိုးတက်လာ၊ ယခုကဲ့သို့ တိုးတက်ဖြစ်ထွန်းလာခြင်းသည် ပြည်သူများနှင့် စေတနာရှင်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ပေးမှုများကြောင့်ဖြစ်၊
- ❐ ကျေးလက်နေပြည်သူများ၏ ပညာရေးအခြေခံများ မြှင့်တင်ပေးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးကို လက်တွေ့အားဖြင့် ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ကျောင်းပြင်ပ ပညာရေးပုံစံတစ်ရပ်အဖြစ် ယှဉ်တွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ၊
- ❐ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ စီမံဆောင်ရွက်ခဲ့သည့်အတွက် သက်ကြီး စာတတ်မြောက်မှုနှုန်းသည် ၁၉၉၆ ခုနှစ်တွင် ၈၃ ရာခိုင်နှုန်းသာ ရှိခဲ့ရာက ၂၀၀၃ ခုနှစ်မှာ ၉၂ ဒသမ၂ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာ၊
- ❐ နယ်စပ်ဒေသ ‘အ’သုံးလုံးအစီအစဉ်များအရ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ဒေသ လောက်ကိုင်မြို့နယ်၊ ကွတ်ခိုင်၊ မူဆယ်မြို့နယ်များ၊ ‘ဝ’ဒေသရှိ ဟိုပန်မြို့နယ်၊ ပလောင်ဒေသရှိ မန်တုံမြို့နယ်၊ သံလွင်(အရှေ့ခြမ်း) ကျိုင်းတုံဒေသရှိ မိုင်းဆတ်၊ မိုင်းပျင်း၊ မိုင်းခုတ်၊ မိုင်းတုံ၊ မိုင်းယန်း၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ တာချီလိတ်၊ ကျိုင်းတုံမြို့နယ်များနှင့် ရခိုင်ဒေသက ဘူးသီးတောင်မြို့နယ်များမှ နယ်စပ်အစွန်အဖျား ကျေးလက်ဒေသများက ယခင်က လုံးဝစာမတတ်သူများအနက် ၃၉၀၀ ကျော် စာတတ်မြောက်လာပြီဖြစ်၊
- ❐ ကယားပြည်နယ်၊ ချင်း ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)များတွင် ပြည်နယ်လုံးကျွတ် စာတတ်မြောက်ရေးလှုပ်ရှားမှုများ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ၇၁၀၀၀ ကျော် စာတတ်မြောက်လာ၊
- ❐ ပြည်နယ်၊ တိုင်းလုံးကျွတ် စာတတ်မြောက်ရေး ဆောင်ရွက်ပြီးသည့် ပြည်နယ်၊ တိုင်းအသီးသီးမှ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော နေရာဒေသများတွင် ကောက်သင်းကောက် စာတတ်မြောက်ရေး လှုပ်ရှားမှုများ ထပ်မံပြီး ပြုလုပ်ပေးခဲ့ခြင်းကြောင့် စာတတ်မြောက်လာသူ ၁၈၀၀၀၀ ခန့်ရှိလာခဲ့၊
- ❐ ၂၀၀၄ ခုနှစ် နွေရာသီစာတတ်မြောက်ရေး အထူးလုပ်ငန်းအစီအစဉ်အရ ယခင်က စာမတတ်သူနှစ်သိန်းခွဲကျော်သည် ယခုစာတတ်မြောက်လာပြီဖြစ်၊
- ❐ ၂၀၀၄ ခုနှစ် မြန်မာနိုင်ငံ၏ သက်ကြီးစာတတ်မြောက်မှုနှုန်းမှာ ၉၃ ဒသမ ၃ ရာခိုင်နှုန်းသို့ တိုးတက်လာပြီဖြစ်သည့်အတွက် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဝင့်ကြွားဖွယ် အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းနေပြီဖြစ်၊
- ❐ တစ်နိုင်ငံလုံး၌ ၂၀၀၃ ခုနှစ်က ရပ်ရွာပညာပဒေသာဌာနပေါင်း ၄၈၁ ခုသာ ရှိခဲ့ရာမှ ယခုအခါ ရပ်ရွာပညာပဒေသာ ဌာနပေါင်း ၈၅၅ ခုအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်၊ ထို့ပြင် ကျေးလက်စာကြည့်တိုက်များလည်း ၇၃၆၄ ခု ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်၊
- ❐ ယခုဆိုလျှင် နိုင်ငံတစ်ဝန်းလုံးတွင် မူလတန်းကျောင်းပေါင်း ၃၁၂၂၅ ကျောင်း၊ မူလတန်းလွန် ကျောင်းပေါင်း ၄၇၇၄ ကျောင်း၊ အလယ်တန်းကျောင်းခွဲပေါင်း ၅၇၈ ကျောင်း နှင့် အလယ်တန်းကျောင်းပေါင်း ၂၀၃၄ ကျောင်း၊ အထက်တန်း ကျောင်းခွဲနှင့် တွဲဖက်အထက်တန်းကျောင်းဖြစ်သည့် အလယ်တန်းကျောင်း ၈၅၇ ကျောင်းအထိ တိုးပွားဖြစ်ထွန်းနေပြီဖြစ်၊
- ❐ မူလတန်းကျောင်းမှသည် အလယ်တန်းကျောင်းအထိ ၁၀ နှစ်တာကာလအတွင်း ကျောင်းအရေအတွက်အားဖြင့် ၁၆၆၉ခု၊ ရာခိုင်နှုန်းအားဖြင့် ၄ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး

ဒီကနေ့ မြန်မာတစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာ ထမ်းဆောင်သွားရမယ့် သမိုင်းပေးတာဝန်ဟာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးနဲ့ ဒီမိုကရေစီရေးပင် ဖြစ်ပါတယ်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာရေး အမျိုးသားရေးတာဝန်ကြီးကို မူဝါဒလမ်းစဉ် (၇)ရပ်နဲ့ အညီ အမျိုးသားညီလာခံကြီးက စတင်ထမ်းဆောင်နေပြီဖြစ်ပါတယ်။ ဒါကြောင့် **အမျိုးသားညီလာခံကြီး ပြီးမြောက်အောင်မြင်ရေးဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာရေးနဲ့ ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သလို အခြေခံအကြောင်းတရားလဲ ဖြစ်ပါတယ်။**

ဒါကြောင့်လဲ ဒီကနေ့ အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်ရေးကို တစ်မျိုးသားလုံးစုပေါင်းလို့လပြု ကြိုးပမ်းသွားဖို့ဖြစ်ပါတယ်။ အဲဒီလို ကြိုးပမ်းရာတွင် ဘယ်လိုအခက်အခဲကိုမဆို ကျော်လွှားသွားရမှာသာဖြစ်ပါတယ်။ ဒါဟာအောင်မြင်မှုတိုင်းမှာ ပေးအပ်ရတဲ့အရင်းအနှီးပင် ဖြစ်ပါတယ်။ ပြည်တွင်းပြည်ပက ဘယ်လိုပျက်စီးရာ ပျက်စီးကြောင်း သွေးထိုးလှုံ့ဆော်နေပေမယ့် အမျိုးသားညီလာခံကြီးရဲ့ အပိုင်းတစ်ပိုင်းကို အောင်မြင်စွာ ပြီးစီးမှုဟာ မြန်မာ့နိုင်ငံရေးတိုးတက်မှုပင်ဖြစ်ပါတယ်။ (Problems are Learning and growing experiences) ပြဿနာတွေ၊ အခက်အခဲတွေဆိုတာ ပညာရဖို့နဲ့ အသိဉာဏ်ကြီးဖို့ရာ အတွေ့အကြုံတွေဖြစ်ပါတယ်လို့ လူမှုသိပ္ပံပညာရှင်များက ဆိုပါတယ်။ အမျိုးသားညီလာခံကြီး ပြန်လည်မကျင်းပမီ ကြုံခဲ့ရတဲ့ အခက်အခဲတွေကို အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပမှုနဲ့ ဖြေရှင်းလွန်မြောက်ခဲ့တာ ဖြစ်ပါတယ်။ အလားတူပင် ရှေ့ဆက်သွားရမယ့် မူဝါဒလမ်းစဉ်များကိုလဲ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာ ကြိုးပမ်းတည်ဆောက်သွားဖို့ ဖြစ်ပါတယ်။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးပန်းတိုင်ကို မဖြစ်မနေ အရောက်ချီတက်သွားကြဖို့ ဖြစ်ပါတယ်။

အခုလို ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ မိမိတို့လူမှုဘဝရဲ့ ပကတိအခြေအနေတွေကိုသာ အခြေခံရမှာ ဖြစ်ပါတယ်။ အင်္ဂလန်တို့၊ အမေရိကန်တို့၊ ဂျပန်တို့ရဲ့ လူမှုဘဝအခြေအနေတွေကို အခြေခံလို့ မရနိုင်ပါ။ ဘာကြောင့်လဲဆိုတော့ လူဟာ စားဝတ်နေရေးအတွက် ဆောင်ရွက်ရာတွင် မိမိတို့ကိုင်စွဲရတဲ့ ကုန်လုပ်စွမ်းအားစုတွေ ဖွံ့ဖြိုးတိုးတက်သလောက်သာ ဆက်ဆံဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ကုန်လုပ်ဆက်ဆံရေး (လူလူချင်း ဆက်ဆံရေး) တွေက မိမိတို့ စိတ်အလိုဆန္ဒရှိတိုင်း၊ စိတ်ကူးတည့်တိုင်း မဆောင်ရွက်နိုင်။ အဲဒီ ဆက်ဆံရေးအစုအပေါင်းကို လူ့အဖွဲ့အစည်းရဲ့ စီးပွားရေးစနစ်လို့ ဆိုရပါမယ်။ ဒီအခြေခံအုတ်မြစ်ပေါ်မှာ လူတွေရဲ့အသိတွေ၊ ဥပဒေတွေနဲ့ နိုင်ငံရေးစနစ်တွေ ပေါ်ထွန်းလာရတာ ဖြစ်တယ်လို့ ခေတ်သစ်သိပ္ပံနိုင်ငံရေး ဘောဂဗေဒတရားက ဆိုပါတယ်။

လူ့သမိုင်းတွင် လူတွေဟာ စားဝတ်နေရေးကို ဦးစွာရှာကြံကြရတယ်။ အဲဒီအဆင့်ကို ရယူပြီးတဲ့အခါ မိမိတို့စားဝတ်နေရေး ကုန်ထုတ်ရေးဘဝနဲ့ လျော်ညီတဲ့အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ ဥပဒေရေး၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှုစတာတွေကို တစ်ဆင့်တက် ထူထောင်ရလေ့ရှိတယ်လို့ လူမှုသိပ္ပံပညာရှင်တို့က ဆိုပါတယ်။

ဒီမိုကရေစီဆိုတာလဲ မိမိတို့ ပြည်တွင်းလူမှုဘဝမျိုးစေ့ကသာ ဖူးပွင့်လာနိုင်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုတာလဲ မိမိတို့ပြည်တွင်း လူမှုဘဝကို အခြေခံပြီးသာ ပေါက်ဖွားရတာ ဖြစ်ပါတယ်။ အမေရိကန်၊ အင်္ဂလန်တို့ရဲ့

အောင်မိုးစံ

လူ့အဖွဲ့အစည်းတွေကို ပုံတူကူးချပြီး ကျင့်သုံးလို့မရနိုင်ပါ။ ဒီနိုင်ငံတွေရဲ့ ဖြစ်ပေါ်တိုးတက်မှု သမိုင်းနဲ့ လူမှုဘဝဝန်းကျင်တွေ၊ လူနေမှုအဆင့်အတန်းတွေနဲ့ မိမိတို့နိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်မှုသမိုင်းနဲ့ လူမှုဘဝဝန်းကျင်တွေ၊ လူနေမှုအဆင့်အတန်းတွေ မတူကြလို့ ဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီအခြေခံမှုကို သီးခြားဖြစ်ပေါ် တည်ရှိနေတဲ့ ပကတိလူမှုဘဝနဲ့ ပေါင်းစပ်ကျင့်သုံးရတာ ဖြစ်ပါတယ်။ ဒီကနေ့ ကျင်းပဆဲ အမျိုးသားညီလာခံကြီးကလဲ မိမိတို့လူမှုဘဝကို အခြေခံတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုသာ အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီ ဘိုးအေဆိုတဲ့ အင်္ဂလန်နိုင်ငံရဲ့ ကွယ်လွန်သူဝန်ကြီးချုပ်ဟောင်း ချာချီက ဒီမိုကရေစီဆိုတာ အလွန်ကြောက်စရာကောင်းတယ်။ ဒါပေမယ့် တခြားထက်တော့ သာတယ်။ Democracy is the terrible system but rather than others လို့ ပြောခဲ့ဖူးပါတယ်။ ဒီမိုကရေစီဆိုတာ အလွန်ကြောက်စရာကောင်းတယ်ဆိုတာ မှန်ပါတယ်။ ဒီမိုကရေစီကို အလွဲသုံးစားလုပ်ပြီး မင်းမဲ့စရိုက်ကျင့်သုံးမှု၊ စည်းမဲ့ကမ်းမဲ့အုပ်စုဖွဲ့ သောင်းကျန်းမှု၊ အများပြည်သူကို အန္တရာယ်ပြုမှု၊ အများပြည်သူအခွင့်အရေးများကို ဖောက်ဖျက်မှု၊ အုပ်စုဖွဲ့အနိုင်ကျင့်မှု၊ ဥပဒေချိုးဖောက်မှု၊ လုပ်ကြံသတ်ဖြတ်မှု၊ မသမာသောနည်းဖြင့် ကိုယ်ကျိုးရှာမှု၊ အများပြည်သူအကျိုးဖျက်ဆီးမှု စတာတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ နောက်ဆုံး နိုင်ငံတော်ကို အန္တရာယ်ပြုတဲ့ ပြိုကွဲမှုတွေအထိ ဖြစ်ပေါ်လာနိုင်ပါတယ်။

ဒါကြောင့် အဲဒီလို အဖျက်လုပ်ရပ်တွေကို ကာကွယ်သွားနိုင်ဖို့အတွက် မြန်မာနိုင်ငံရဲ့ တည်ဆဲတပ်မတော်အစိုးရဟာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်သွားမယ်လို့ အတိအကျပြောဆိုနေတာ ဖြစ်ပါတယ်။ ဒီမိုကရေစီ ရှင်သန်ထွန်းကားရေးကို ကာကွယ်သွားနိုင်ဖို့ ဖြစ်ပါတယ်။

ဒီမိုကရေစီကျင့်စဉ်ဆိုတာ လူထုက စတင်ရတာဖြစ်လို့ လူထုတွေဟာ နိုင်ငံတော်အာဏာကို အသုံးအဖြတ်ပေးတဲ့အခန်းက ပါလာရတော့မှာ ဖြစ်ပါတယ်။ ဒီ့အတွက် ဒီမိုကရေစီနိုင်ငံသားတွေဟာ မိမိတို့အခွင့်အရေးနဲ့ တာဝန်ကို နားလည်သဘောပေါက်ရမှာ ဖြစ်ပါတယ်။ ဗဟုသုတပြည့်ဝပြီး ဆင်ခြင်တုံတရား လက်ကိုင်ထားတဲ့ နိုင်ငံသားတွေဖြစ်ရပါမယ်။ နိုင်ငံသားတိုင်း သန့်ရှင်းလွတ်လပ်စွာ ဆုံးဖြတ်နိုင်ရပါမယ်။ အကြမ်းဖက်တဲ့ မင်းမဲ့စရိုက်တွေ ကင်းရှင်းစွာ အနုနည်းသက်သက်ကို ကျင့်သုံးနိုင်ရပါမယ်။ အဂတိတရား လေးပါးကင်းအောင် ကျင့်ရပါမယ်။

ဒါဖြင့်ရင် ပြည်သူလူထုကြီးတစ်ရပ်လုံးဟာ ဒီအရည်အချင်းတွေနဲ့ အချိန်တိုကာလအတွင်း ပြည့်စုံလာနိုင်ပါသလား။ ကာလတစ်ရပ်အထိ လေ့ကျင့်ပျိုးထောင် သွားရဦးမှာသာ ဖြစ်ပါတယ်။ အနောက်နိုင်ငံတွေဟာလဲ ဒီကနေ့ လက်ရှိ အခြေအနေကိုရောက်ဖို့ လူမျိုးဆက်လိုက် ရင်းနှီးထူထောင်လာခဲ့ရတာ ဖြစ်ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံများမှာ နိုင်ငံရေးဒီမိုကရေစီ ကြန်အင်လက္ခဏာအပြည့်ပါတဲ့ နိုင်ငံရေးစနစ်တစ်ရပ်ထူထောင်ပေးလိုက်ရင် ဒါဟာလက်တွေ့မှာ အလုပ်ဖြစ်ပါ့မလား။ ဒီအကျိုးဆက်တွေဟာ ဘယ်လို သက်ရောက်လာမလဲဆိုတာကို အလေးအနက် မစဉ်းစားခဲ့ကြပါ။ အခုထိလဲ လက်တွေ့ကျကျ စဉ်းစားမှုတွေ နည်းနေပါသေးတယ်။ ပထမကမ္ဘာစစ်ပြီးကာလ ဥရောပအလယ်ပိုင်း၊ အရှေ့ပိုင်းနဲ့ တောင်ပိုင်းဒေသများမှာ ပေါ်ထွက်လာတဲ့ ဒီမိုကရေစီနိုင်ငံသစ်များ အခြေမခိုင်ဖြစ်ခဲ့ရပုံကို ဘယ်လိုမှ အလေးအနက် သတိမပြုခဲ့ကြဘူး။ အနောက်ဥရောပ ဒီမိုကရေစီနိုင်ငံကြီးတွေရဲ့ မျိုးဆက်သစ်တွေဟာ ၎င်းတို့နိုင်ငံများတွင် အခုလို နိုင်ငံခေတ်မီဖွံ့ဖြိုးတဲ့အဆင့်ကို ရောက်ရှိပြီးဖြစ်ပေမယ့် လွန်ခဲ့တဲ့ အနှစ် ၃၀/၄၀ ကာလတုန်းက အကန့်အသတ်နဲ့ မဲပေးခွင့်တွေ ကျင့်သုံးခဲ့တယ်ဆိုတာကို ပြန်လည်သတိရကြဖို့ ဖြစ်ပါတယ်။

အနောက်နိုင်ငံအများစုဟာ ၎င်းတို့ မဖွံ့ဖြိုးသေးစဉ်ကာလမှာ ၎င်းတို့ရဲ့ နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေများဟာ အခုလိုမဟုတ်သေးကြောင်းကို အလေးဂရုပြု ဆင်ခြင်သင့်တယ်။

ဒါကြောင့် ဒီကနေ့ မြန်မာနိုင်ငံဟာ မိမိတို့ လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်တဲ့ မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံထူထောင်နေတာ ဖြစ်ပါတယ်။ အခုလို ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရာတွင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေများရဲ့ အားနည်းချက်၊ အားသာ ချက်များကို လေ့လာသုံးသပ် သင်ခန်းစာယူပြီး မိမိတို့ ပကတိလူမှုဘဝနဲ့ ကိုက်ညီမှန်ကန်တဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာရေးကို တစ်မျိုးသားလုံးက စုပေါင်းလို့လပြု ကြိုးပမ်းသွားဖို့ဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

ဒီမိုကရေစီဆိုတာလဲ မိမိတို့ ပြည်တွင်းလူမှုဘဝမျိုးစေ့ကသာ ဖူးပွင့်လာနိုင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာလဲ မိမိတို့ပြည်တွင်း လူမှုဘဝကို အခြေခံပြီးသာ ပေါက်ဖွားရတာဖြစ်ပါတယ်။ အမေရိကန်၊ အင်္ဂလန်တို့ရဲ့ လူ့အဖွဲ့အစည်းတွေကို ပုံတူကူးချပြီး ကျင့်သုံးလို့ မရနိုင်ပါ။ ဒီနိုင်ငံတွေရဲ့ ဖြစ်ပေါ် တိုးတက်မှုသမိုင်းနဲ့ လူမှုဘဝဝန်းကျင်တွေ၊ လူနေမှုအဆင့်အတန်းတွေနဲ့ မိမိတို့နိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်မှုသမိုင်းနဲ့ လူမှုဘဝ ဝန်းကျင်တွေ၊ လူနေမှုအဆင့်အတန်းတွေ မတူကြလို့ဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီအခြေခံမှုကို သီးခြားဖြစ်ပေါ်တည်ရှိနေတဲ့ ပကတိလူမှုဘဝနဲ့ ပေါင်းစပ်ကျင့်သုံးရတာ ဖြစ်ပါတယ်။ ဒီကနေ့ကျင်းပဆဲ အမျိုးသားညီလာခံကြီးကလဲ မိမိတို့လူမှုဘဝကို အခြေခံတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကိုသာ အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

ရန်ကုန်အဝေးသင်တက္ကသိုလ် ၂၀၀၄ ပညာသင်နှစ် ပထမအသုတ် စာစစ်ဌာနများ အစီအစဉ်ကြေညာ

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၄ပညာသင်နှစ် ပထမအသုတ် အတန်းတင်စာမေးပွဲများကို ၁-၁၀-၂၀၀၄ရက်မှ ၈-၁၀-၂၀၀၄ရက်အထိ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ဟသ်ာတတက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ ပဲခူးဒီဂရီကောလိပ် အဝေးသင်ဌာနခွဲ စာစစ်ဌာနများ၌ကျင်းပမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် ဒဂုံဌာနခွဲ(ဒဂုံတက္ကသိုလ်)၊ ရန်ကုန်အဝေးသင်တက္ကသိုလ် အရှေ့ပိုင်းဌာနခွဲ (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ရန်ကုန်အဝေးသင်တက္ကသိုလ် အနောက်ပိုင်းဌာနခွဲ (ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်)၊ နယ်တက္ကသိုလ် ဒီဂရီကောလိပ် အဝေးသင်ဌာနခွဲ အသီးသီး၌ မှတ်ပုံတင်ထားသည့် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် သိပ္ပံအထူးပြု ကျောင်းသား အားလုံးသည် မိမိတို့နှင့် သက်ဆိုင်သော တက္ကသိုလ်ဒီဂရီကောလိပ်များ၌ စာမေးပွဲဖြေဆိုကြရမည် ဖြစ်သည်။

အသေးစိတ် အစီအစဉ်ကြေညာချက်ကို သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ်ဌာနခွဲများ၌ ကြေညာထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားဆေးတိုက်ကျွေး

စက်တင်ဘာ ၃ရက်က မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိပ်ကုန်းရပ်ကွက် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက အသက်ခြောက်လမှ ငါးနှစ်အရွယ် ကလေးငယ်များအား ဗီတာမင်အေ အားဆေးတိုက်ကျွေးပြီး မိခင်များအား အိုင်အိုဒင်းဆားများ ဖြန့်ဝေပေးစဉ်။

(၃၂၂)

ဘတ်စကက်ဘောဒိုင်လူကြီးသင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၈

မြန်မာ့ဘတ်စကက်ဘော အားကစားနည်း အဆင့်အတန်းမြင့်မား တိုးတက်ရန်ရည်ရွယ်လျက် မြန်မာ နိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူး၍ ဘတ်စကက်ဘော ဒိုင်လူကြီး သင်တန်းကို အောက်တိုဘာ ၁၅ ရက်တွင် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ကျိုက္ကဆံ ဘတ်စကက်ဘော အားကစားရုံ၌ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ ဘတ်စကက်ဘော ဒိုင်လူကြီးသင်တန်းသို့ တက်ရောက်ကြမည့် ဒိုင်လူကြီးလောင်းများအား ခရီးစရိတ်၊ သင်တန်းကာလအတွင်း စားသောက်စရိတ်နှင့် နေရာထိုင်ခင်းတို့ကို မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်က တာဝန်ယူ ဆောင်ရွက်ပေးမည်ဖြစ်သည်။

ယင်းဒိုင်လူကြီး သင်တန်းသို့ တက်ရောက်ကြမည့် ဘတ်စကက်ဘော အားကစားသမားဟောင်းများနှင့် အခြေခံဘတ်စကက်ဘော အားကစားနည်းကို သိရှိနားလည်ထားပြီး ဘတ်စကက်ဘော အားကစားကို ဝါသနာပါရှိသူများသည် စက်တင်ဘာ ၃၀ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တည်ရှိရာ ကျိုက္ကဆံ ဘတ်စကက်ဘော အားကစားရုံ၊ ဖုန်း-၅၅၆၉၅၂ သို့လည်းကောင်း၊ လူကိုယ်တိုင် လာရောက်၍လည်းကောင်း အမည်စာရင်း ပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်ချီးမြှင့်

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ၂၀၀၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေး နေ့နှင့် ကုလသမဂ္ဂစာတတ်မြောက် ရေး ဆယ်စုနှစ်အထိမ်းအမှတ် အခမ်းအနားတွင် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလ သမဂ္ဂစာတတ်မြောက်ရေး ဆယ်စု နှစ် အထိမ်းအမှတ် အခြေခံပညာ အလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲ တွင် တတိယဆုရရှိသော တနင်္သာရီ တိုင်း မြိတ်မြို့ အမှတ်(၃) အခြေခံ ပညာအလယ်တန်းကျောင်းမှ ပဉ္စမ တန်းကျောင်းသူ မဇင်ဖူးဝေအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ် ချီးမြှင့်စဉ်။

(သတင်းစဉ်)

အဆိုအကအရေးအတီးပြိုင်ပွဲ ပထမအကြိမ်အလှူငွေပေးအပ် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ လက်ခံရယူ

ရန်ကုန် စက်တင်ဘာ ၈

ဒွါဒသမအကြိမ်(၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၏ ပထမအကြိမ်အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ ပထမထပ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအစည်းအဝေးခန်းမ(၄)၌ကျင်းပရာ ဒွါဒသမ အကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အလှူငွေများ လက်ခံရယူသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လှူဒါန်းငွေ ကျပ်သိန်း ၃၀ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေကလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

ထို့နောက် အလှူငွေပေးအပ်ပွဲကို ဆက်လက် ကျင်းပရာ ဦးမြင့်ဇော်(ပေလီအင်တာပရိုက်စ်၊လီမိတက်) က ငွေကျပ်လေးသိန်း၊ ဦးမြတ်သူ(ဂမုန်းပွင့်ကုမ္ပဏီ)၊ ဦးမောင်မောင်(ရွှေကမ္ဘာမောင်မောင်ဆောက်လုပ်ရေး)၊ ဦးမင်းအောင်(တက်ခမ်းဆောက်လုပ်ရေး)၊ ဦးမျိုးဝင်း (Fortune International Co., Ltd.)၊Peony Co., Ltd၊ထူးထရေးဒင်းကုမ္ပဏီနှင့်ရွှေသံလွင်ဆောက်လုပ်ရေး တို့က ငွေကျပ်သုံးသိန်းစီ၊ဦးမောင်မောင်(Asia Express Co., Ltd.)က ငွေကျပ်တစ်သိန်း စုစုပေါင်းလှူဒါန်းငွေ ကျပ် ၅၆သိန်းကို ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၉ မှ

လာစေရအောင် စဉ်ဆက်မပြတ် လေ့လာသင်ယူနေသော မြန်မာ့လူ့ဘောင် အဖွဲ့အစည်းကြီး ပေါ်ထွန်းလာသည်အထိ စာတတ်မြောက်ရေး ကြိုးပမ်းလှုပ်ရှားမှု များကို အရှိန်အဟုန်မပျက် ဆက်လက်ပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင် ရွက်သွားကြပါဟု ပညာရေးကဏ္ဍမှ တာဝန်ရှိသူများနှင့်တကွ ပြည်သူ တစ်ရပ်လုံးကို တိုက်တွန်းပန်ကြားလိုကြောင်း။

ထို့အပြင် ကျေးလက်နေ ပြည်သူများ၏ စာတတ်မြောက်ရေး အရှိန် အဟုန်ကို ပိုမိုတိုးတက်မြင့်မားလာစေရအောင် မူလတန်းကျောင်းများ တိုးမြှင့် ဖွင့်လှစ်ပေးခြင်း၊ မူလတန်းလွန်ကျောင်းများ တိုးမြှင့် ခွင့်ပြုပေးခြင်း၊ အလယ်တန်း ကျောင်းများအဖြစ် တိုးတက်တည်ထောင်ပေးခြင်းများကြောင့် ယခုဆိုလျှင် နိုင်ငံတစ်ဝန်းလုံးတွင် မူလတန်းကျောင်းပေါင်း ၃၁၂၂၅ ကျောင်း၊ မူလတန်းလွန် ကျောင်းပေါင်း ၄၇၇၄ ကျောင်း၊ အလယ်တန်းကျောင်းခွဲပေါင်း ၅၇၈ ကျောင်း နှင့် အလယ်တန်းကျောင်းပေါင်း ၂၀၃၄ ကျောင်း၊ အထက်တန်းကျောင်းခွဲနှင့် တွဲဖက် အထက်တန်းကျောင်းဖြစ်သည့် အလယ်တန်းကျောင်း ၈၅၇ ကျောင်း အထိ တိုးပွားဖြစ်ထွန်းနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် မူလတန်းကျောင်းမှသည် အလယ်တန်းကျောင်းအထိ ၁၀ နှစ်တာကာလအတွင်း ကျောင်းအရေအတွက် အားဖြင့် ၁၆၆၉ခု၊ ရာခိုင်နှုန်းအားဖြင့် ၄ ဒသမ ၄ ရာခိုင်နှုန်း တိုးတက် ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

– **မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး စာတတ်မြောက်ရေးနှင့် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးဦးတည်ပြီး လူတိုင်းအတွက် ပညာရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသားရေးစိတ်ဓာတ် အပြည့်အဝဖြင့် ပါဝင်ကြိုးပမ်းဆောင်ရွက်ပေးကြပါ၊**

– **စာတတ်မြောက်ရေးမှသည် စဉ်ဆက်ပညာရေးအစီအစဉ်များကို အောင်မြင် စွာ အကောင်အထည်ဖော်ခြင်းဖြင့် အစဉ်လေ့လာသင်ယူနေသော၊ အစဉ်တွေးခေါ် ကြံဆနေသည့် မြန်မာ့လူ့အဖွဲ့အစည်းကြီးဖြစ်ထွန်း လာစေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**

– **စာတတ်မြောက်ရေးမှသည် မှန်ကန်သောအတွေးအမြင်၊ မှန်ကန်သော ဝေဖန်ပိုင်းခြားတတ်မှုဖြင့် နိုင်ငံတော်၏အကျိုးစီးပွား၊ ပြည်သူများ၏ အကျိုးစီးပွားအတွက် ပါဝင်စွမ်းဆောင်ကြိုးပမ်းသွားကြပါ**

ဟု တိုက်တွန်းမှာကြားသွားသည်။

ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအာနန်၏ နိုင်ငံတကာစာတတ်မြောက်ရေးနေ့သဝဏ်လွှာကို ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး Mr. Charles James Petrie က ဖတ်ကြားသည်။

ယင်းနောက် ယူနက်စကိုညွှန်ကြားရေးမှူးချုပ်ထံမှ နိုင်ငံတကာစာတတ် မြောက်ရေးနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို မြန်မာနိုင်ငံ ယူနက်စကိုအမျိုးသားကော်မရှင် အထွေထွေအတွင်းရေးမှူး ရန်ကုန်ပညာရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်ဇော်က ဖတ်ကြားသည်။

သီဆိုသရုပ်ပြ

ထို့နောက် ရွှေတံဆိပ်ဆုရှင် အခြေခံပညာကျောင်းသားကျောင်းသူလေးများ က 'ဓာတ်မာန်' တေးသီချင်းဖြင့် သီဆိုသရုပ်ပြကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ်ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲတို့၌ အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် ပထမဆု ရရှိသော ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ပဉ္စမတန်းကျောင်းသား မောင်သက်မိုးနိုင်၊ ဒုတိယဆု ရရှိသော ပဲခူးတိုင်း ပဲခူးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မအိမွန်ကျော်၊ တတိယဆုရရှိသော တနင်္သာရီတိုင်း မြိတ်မြို့ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းမှ ပဉ္စမတန်းကျောင်းသူ မဇင်ဖူးဝေတို့အား လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲတွင် ပထမဆုရရှိသော ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မတိုးပြည့်သန္တာ၊ ဒုတိယဆုရရှိသော မန္တလေးတိုင်း မြစ်သားမြို့ အခြေခံပညာအထက်တန်း ကျောင်းမှ နဝမတန်းကျောင်းသား မောင်ဇာနည်ဟိန်း၊ တတိယဆုရရှိသော ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မနန်းပွင့်ရွှေရည်ဖုံးတို့အား လည်းကောင်း၊ ပညာရေး တက္ကသိုလ်နှင့် ပညာရေးကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသော တောင်ငူပညာရေးကောလိပ်လုပ်ငန်းခွင်အကြို(၇/၀၂)ဒုတိယနှစ်မှ မကေဇင်ဦး၊ ဒုတိယဆုရရှိသော မော်လမြိုင်ပညာရေးကောလိပ်လုပ်ငန်းခွင်အကြို (၇/၀၂) ဒုတိယနှစ်မှ မသူသူစိုးနှင့် တတိယဆုရရှိသော ပုသိမ်ပညာရေး ကောလိပ် လုပ်ငန်းခွင်အကြို(၇/၀၂) ဒုတိယနှစ်မှ မအိမိုဇာမြင့်တို့အားလည်းကောင်း၊ ဆောင်းပါးပြိုင်ပွဲ (အလွတ်တန်း)တွင် ပထမဆုရရှိသော စစ်ကိုင်းတိုင်း ကလေးတက္ကသိုလ် မဟာဝိဇ္ဇာတန်း(က) မြန်မာစာအထူးပြု မှ မောင်ဇော်လင်း၊ ဒုတိယဆုရရှိသော ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက် တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်ခင်မာကြည်(ခင်ခင်ကျော်–ပညာရေး)နှင့် တတိယဆုရရှိသော ရန်ကုန်ပညာရေး တက္ကသိုလ်မှ ဘီအီးဒီ စတုတ္ထနှစ်ကျောင်းသူ မအေးမြခိုင်တို့အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်း လွှာများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ 'မြန်မာနိုင်ငံ စာတတ်မြောက်ရေးကြိုးပမ်းမှု' ဗီဒီယိုကို ပြသသည်။

ထို့နောက် ရွှေတံဆိပ်ဆုရှင် ကျောင်းသား ကျောင်းသူလေးများက 'လူတိုင်းအတွက်ပညာရေး'သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ၂၀၀၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ် အထိမ်း အမှတ် စာတတ်မြောက်ရေးလှုပ်ရှားမှု ပြကွက်များကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ပဒဲရေလှောင်တမံတည်ဆောက်မှု ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် စစ်ဆေး စီမံကိန်းပြီးစီးပါက ဧကခြောက်ထောင်ကျော် ဆည်ရေပေးနိုင်မည်

ရန်ကုန် စက်တင်ဘာ ၈

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်သည် စက်တင်ဘာ ၆ ရက်တွင် ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီမြို့ရှိ စိုက်ပျိုးရေးသိပ္ပံသို့ရောက်ရှိပြီး အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ် ၂၀၀၄ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စိုက်ပျိုးရေးသိပ္ပံသင်တန်းသားသင်တန်းသူများကိုယ်တိုင် စိုက်ပျိုးထားသည့် စပါးစိုက်ခင်း များတွင် တပျော်တပါး မြေသြဇာစုပေါင်း ကြဲပက်နေသည့် လှုပ်ရှားမှုကို ကြည့်ရှုအားပေးကာ မြေသြဇာကြဲပက်မှု၌ ပါဝင်ဆောင်ရွက်သည်။

ထို့နောက်ဝန်ကြီးသည် လက်ပံတန်း မြို့နယ် ကျွန်းကလေးကျေးရွာ အနီးရှိ တောင်သူနည်းပညာပေး သင်တန်းတွင် တောင်သူလယ်သမား များအား ဆန်စပါးစိုက်ပျိုးထုတ်လုပ် ရိတ်သိမ်းခြင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများဆွေးနွေးသည်။

မှာကြား

ထို့နောက်ဝန်ကြီးသည် ပြည်မြို့ရှိ စက်မှုလယ်ယာဦးစီးဌာနသို့ ရောက်ရှိ ပြီး ကြံခုတ်သိမ်းမှုတွင် ကြံခုတ်သိမ်း စက်များ စုစည်းထားရှိရေး မှာကြား ပြီး မကွေးတိုင်း အောင်လံမြို့နယ် အမှတ်(၁၀)သကြားစက်(ဒုရင်ဗိုလ်) သို့ ရောက်ရှိရာ စက်ရုံမှူးက ယခုနှစ် အတွင်း ကြံစိုက်ပျိုးထားမှု၊ မကြာမီ စက်ရုံလည်ပတ်မည့် ကြံကြိတ်ဝါး ရာသီနှင့် ကုန်ထုတ်လုပ်ရေး စီမံ ထားမှုများကို ရည်မှန်းချက် အတိုင်း အောင်မြင်အောင် ဆောင်ရွက်ရေး မှာကြားသည်။

ထိုမှတစ်ဆင့်ဝန်ကြီးသည် မကွေး တိုင်း အောင်လံမြို့ အရှေ့တောင်ဘက် ၃၆ မိုင်အကွာရှိ နတ်မောက်ကျေးရွာ အနီး၌ တည်ဆောက်နေသော ပဒဲရေ လှောင် တမံ စီမံကိန်းသို့ သွားရောက်၍ ဝန်ကြီးသည် ရေထုတ်ပြွန်၊ရေထိန်း မျှော်စင် တည်ဆောက်မှု၊ ပင်မတမံ တည်ဆောက်ရန် စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ကြည့်ရှု စစ်ဆေးသည်။

ရှင်းလင်း

ထို့နောက် ရှင်းလင်းဆောင်၌ ဆည် မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃) ညွှန်ကြားရေးမှူး ဦးထွန်းအောင်လွင်က ပဒဲ ချောင်းပေါ်တွင် ရေဧကပေ သုံး သောင်းကျော် သိုလှောင်၍ အောင်လံ မြို့နယ်အတွင်း စိုက်ပျိုးမြေဧက ၆၄၀၀ ရေရရှိရေး၊ ဒေသဖွံ့ဖြိုးရေး၊ သတ်မှတ် ချိန် ပြီးစီးရေးအတွက် ပင်မတမံ၊ ရေ ထုတ်ပြွန်၊ ရေထိန်းမျှော်စင်၊ ရေပိုလွှဲ တည်ဆောက်မှုနှင့်တစ်ပြိုင်တည်းဆည် ရေသောက်စနစ် ပူးတွဲတည်ဆောက် မှုတို့ကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ဤဒေသသည်ရေအရင်း အမြစ် မြစ်ချောင်းများရှိသော်လည်း တစ်နှစ်ပတ်လုံး စိုက်ပျိုးရေ ရရှိရေး အတွက် ရေလှောင်တမံတည်ဆောက် ၍ ရေသိုလှောင်ရေး၊စိုက်ပျိုးရေရရှိပြီး စပါးနှင့်သီးထပ်သီးနှံစိုက်ပျိုးရေး၊ဒေသ ဝမ်းစာစပါးဖူလုံရေးအတွက် တည် ဆောက်ပြီး ဘွက်ကြီးရေလှောင်တမံ အပြင် ထပ်မံ၍ ပဒဲချောင်းပေါ်တွင် ရေ လှောင်တမံတည်ဆောက်မှုဖြင့် အကျိုး ပြုနိုင်ရန် သတ်မှတ်ချိန်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေးမှာကြားသည်။

ပဒဲတမံ

ပဒဲရေလှောင်တမံ တည်ဆောက် ခြင်းဖြင့် မြေဧကခြောက်ထောင်ကျော် ဆည်ရေပေးနိုင်မည့်အပြင်ပဒဲရေလှောင် တမံနှင့် ဘွက်ကြီးရေလှောင်တမံ ဆည်ရေသောက်ဧရိယာအတွင်းရှိ မြေယာများတွင် စပါးအပါအဝင် ကြံနှင့်ဝါတို့ကို တိုးချဲ့စိုက်ပျိုးသွားနိုင် မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်မည်

ရန်ကုန် စက်တင်ဘာ ၈

စက်တင်ဘာ ၁၄ ရက်မှ ၁၉ ရက် အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံ ရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ၁၄ပေခန့်မှ ၂၁ ဒသမ ၀၀ ပေခန့်အထိ ထူးကဲဒီရေတက် ဖွယ်ရှိကြောင်း ကမ်းနားဒေသ အတွင်း နေထိုင်ကြသော အများ ပြည်သူများအား မြန်မာ့ဆိပ်ကမ်း အာဏာပိုင်က သတိပေးကြေညာ ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထစ်ချုန်းရွာနိုင်

မန္တလေးမြို့နှင့်အနီးတစ်ဝိုက် တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းမှ ရှေ့လုပ်ငန်းစဉ်တစ်ရပ် ဖြစ်သော စိတ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းအဖြစ် စက်တင်ဘာ ၇ ရက်က စိတ် ကျန်းမာရေး ဆေးရုံကြီးတွင် လူနာများအား နံနက်စာ ကျွေးမွေးပြီး ဆန်ခုနစ်အိတ်နှင့် ငွေပဒေသာပင် ကျပ်ငါးသောင်း လှူဒါန်းရာ အသင်း ဥက္ကဋ္ဌ ဒေါ်သီတာအေးက ဒုတိယဆေးရုံ အုပ်ကြီး ဒေါက်တာဦးသန်းဦးသို့ ပေးအပ်လှူဒါန်းစဉ်။ (၂၀၀)

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီး ဦးတင်ဝင်း (၃၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ခဲ့စဉ်။ (အလုပ်သမား)

ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းရွေးချယ်ဖွဲ့စည်း တိုက်ဂါးဖလားဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၈

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ မလေးရှားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ပူးတွဲကျင်းပမည့် အာဆီယံ တိုက်ဂါးဖလား(Tiger Cup)ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ရည်ရွယ်၍ ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို ရွေးချယ်ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

အာဆီယံတိုက်ဂါးဖလား(Tiger Cup)ဘောလုံးပြိုင်ပွဲပါဝင်ယှဉ်ပြိုင်ရန် ရွေးချယ်ဖွဲ့စည်းလိုက်သည့် ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် အားကစားသမား ၃၄ဦးပါဝင်ရာ **(ဂိုး)**အောင်အောင်ဦး(ဘဏ္ဍာ/အခွန်)၊ ထွန်းထွန်းလင်း(မြို့တော်စည်ပင်)၊ ကျော်မင်းလှိုင်(စွမ်းအင်)၊ ဇော်မိုးထက်(စီးပွား/ကူးသန်း)၊ **(နောက်တန်း)**မင်းမင်းထွန်း(စွမ်းအင်)၊ ဇော်ထက်အောင်(စွမ်းအင်)၊ ကျော်ခိုင်ဝင်း(စွမ်းအင်)၊ စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်)၊ အောင်ဟိန်းလတ်(ဘဏ္ဍာ/အခွန်)၊ မိုးကျော်သူ(ဘဏ္ဍာ/အခွန်)၊ အောင်ကျော်မြင့်(ဘဏ္ဍာ/အခွန်)၊ ဝင်းမင်းထွဋ်(ပို့ဆောင်ရေး)၊ မောင်မောင်မြင့်(ပို့ဆောင်ရေး)၊ ကျော်ဇေယျာမင်း(ပို့ဆောင်ရေး)၊ ငွေအောင်(ကာကွယ်ရေး)၊ ကျော်ကျော်မောင်(ကာကွယ်ရေး)၊ ဇော်လင်းထွန်း(၂)(စီးပွား/ကူးသန်း)၊ ဇော်မျိုးမင်း(ဆောက်လုပ်ရေး)၊ ဟန်ဝင်းအောင်(ကမ္ဘောဇ)၊ အောင်ဇော်မျိုး(မြို့တော်စည်ပင်)၊ **(အလယ်တန်း)**အောင်ကျော်မိုး(ဘဏ္ဍာ/အခွန်)၊ ထွန်းထွန်းဝင်း(ဘဏ္ဍာ/အခွန်)၊ ဘိုဘိုအောင်(စီးပွား/ကူးသန်း)၊ မာလ(စီးပွား/ကူးသန်း)၊ မောင်မောင်အောင်(ကာကွယ်ရေး)၊ ဇော်ဇော်(မြို့တော်စည်ပင်)၊ပေါ်ထွန်းကျော်(သစ်တောရေးရာ)၊ **(ရှေ့တန်း)**မျိုးလှိုင်ဝင်း(ဘဏ္ဍာ/အခွန်)၊ ကျော်သူရ(ဘဏ္ဍာ/အခွန်)၊ ထွန်းမင်းဦး(ကမ္ဘောဇ)၊ ကျော်ဇင်ဝင်း(စီးပွား/ကူးသန်း)၊ မြတ်မင်းဦး(ပို့ဆောင်ရေး)နှင့် နိုင်ဝင်း(စွမ်းအင်)တို့ ပါဝင်ကြသည်။ ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် စက်တင်ဘာ ၁၂ ရက်မှစတင်၍ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးမှ မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၈

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီး ဦးတင်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၀၄ ခုနှစ် စက်တင်ဘာ ၂ရက်မှ ၅ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပခဲ့သော (၃၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် ယင်းအစည်းအဝေးနှင့် ဆက်စပ်ကျင်းပသည့် အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၆ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၂ရက် နံနက်ပိုင်းတွင် (၇)ကြိမ်မြောက် အာဆီယံ ရင်းနှီးမြှုပ်နှံမှုကောင်စီ အစည်းအဝေးနှင့် မွန်းလွဲပိုင်းတွင် (၁၈)ကြိမ်မြောက် အက်(ဖ)တာကောင်စီအစည်းအဝေးကိုတက်ရောက်ခဲ့သည်။

အက်(ဖ)တာကောင်စီ အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများက စက်အစီအစဉ်(CEPT)အရ ဆက်လက်ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များကို ဆွေးနွေးသုံးသပ်ခဲ့ကြပြီး အာဆီယံဒေသ၏ ၂၀၀၂-၂၀၀၃ ခုနှစ် ကုန်သွယ်မှုအခြေအနေကို လေ့လာသုံးသပ်ခဲ့ကြသည်။

ယင်းညနေ အစည်းအဝေးပြီးဆုံးပြီးနောက် သတင်းစာရှင်းလင်းပွဲပြုလုပ်၍ သတင်းကြေညာချက်ထုတ်ပြန်ခဲ့သည်။

စက်တင်ဘာ ၃ရက် နံနက်ပိုင်း ၈နာရီခွဲအချိန်တွင် အင်ဒိုနီးရှားနိုင်ငံသမ္မတ H.E Megawati Soekarnopoetri က အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ကို သမ္မတနန်းတော်တွင် လက်ခံတွေ့ဆုံပြီး နံနက်ပိုင်း ၉နာရီတွင် နိုင်ငံတော်အတွင်းဝန်ရုံး အစည်းအဝေးအခန်းမတွင် (၃၆)ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ကျင်းပခဲ့ရာ အင်ဒိုနီးရှားနိုင်ငံသမ္မတက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ လာအိုနိုင်ငံ၊ ဗီယန်ကျန်းမြို့တွင် ၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် အာဆီယံထိပ်သီးညီလာခံ၌ အာဆီယံစီးပွားရေးဝန်ကြီးများ လက်မှတ်ရေးထိုးမည့် အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ အစီအစဉ်၏ အခြေပြစာချုပ်ကိုလည်းကောင်း၊ နိုင်ငံ့ခေါင်းဆောင်များ လက်မှတ်ရေးထိုးမည့် ဦးစားပေးကဏ္ဍများဆိုင်ရာ ပေါင်းစည်းရေးဘောင်သဘောတူစာချုပ်ကို လည်းကောင်း အာဆီယံစီးပွားရေး ဝန်ကြီးများကမူအားဖြင့် သဘောတူအတည်ပြုခဲ့ကြသည်။

ယင်းနေ့မွန်းလွဲပိုင်းတွင် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေးအကြံပြုကောင်စီမှအဖွဲ့ဝင်များတို့ အလုပ်သဘော နေ့လယ်စာစားသုံးကြသည်။

ညနေ ၆နာရီတွင် လက်မှတ်ရေးထိုးပွဲနှင့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

စက်တင်ဘာ ၄ ရက် နံနက် ၈နာရီခွဲတွင် အာဆီယံ+၁ နိုင်ငံများနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှကုန်သွယ်ရေးဝန်ကြီး Mr.Bo Xilai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့နှင့် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး Mr.Shiochi Nakagawa ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ မွန်းလွဲပိုင်းတွင် ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီး Mr.Kim Hyun-Chong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ အာဆီယံစီးပွားရေးဝန်ကြီးများ+၃ နိုင်ငံမှကိုယ်စားလှယ်အဖွဲ့များနှင့်လည်းကောင်း၊ အာဆီယံစီးပွားရေး ဝန်ကြီးများ+၃နှင့် အရှေ့အာရှစီးပွားရေးကောင်စီ အဖွဲ့ဝင်များနှင့်လည်းကောင်း ညှိနှိုင်းအစည်းအဝေးများ ဆက်လက်ကျင်းပပြုလုပ်ခဲ့သည်။

ယင်းနေ့ညနေပိုင်းတွင် သတင်းစာ ရှင်းလင်းပွဲပြုလုပ်ပြီး သတင်းကြေညာချက်များ ထုတ်ပြန်ခဲ့သည်။

စက်တင်ဘာ ၅ရက် နံနက်ပိုင်းတွင် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အိန္ဒိယနိုင်ငံမှ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး Mr. Kamal Nath ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကိုလည်းကောင်း၊ ဆက်လက်၍ သြစတြေးလျနိုင်ငံမှ ကုန်သွယ်ရေးဝန်ကြီး Mr. Mark Vail၊ နယူးဇီလန်နိုင်ငံမှ ကုန်သွယ်ရေးညှိနှိုင်းမှုဝန်ကြီး Mr. Jim Sutton တို့ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့၏ ညှိနှိုင်းအစည်းအဝေးကိုလည်းကောင်းကျင်းပခဲ့သည်။ ယင်းနောက် အက်(ဖ)တာ-စီအီးအာရ် စီးပွားရေးကောင်စီ ကိုယ်စားလှယ်များကို ဝန်ကြီးများက လက်ခံတွေ့ဆုံဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ဥရောပသမဂ္ဂ(အီးယူ)မှ ကုန်သွယ်ရေးကော်မရှင်နာ Mr. Pascal Lany ဦးဆောင်သော အဖွဲ့နှင့် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ရာ အာဆီယံနှင့် အီးယူအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်များကို အဓိကဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် အာဆီယံစီးပွားရေး ဝန်ကြီးများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ဝန်ကြီးများ၏ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး ပူးတွဲသတင်းကြေညာချက်များ ထုတ်ပြန်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲဆက်

ရန်ကုန် စက်တင်ဘာ ၈

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ စတုတ္ထအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ စတုတ္ထနေ့ အစီအစဉ်များကို ယမန်နေ့ နံနက် ၇နာရီတွင် မန္တလေးမြို့ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲရှိ ကဇာတ်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ကြည့်ရှုအားပေး

အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးညိုဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊အကဲဖြတ် ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်တပ်မတော်သားများနှင့် အနုပညာဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အစီအစဉ်အရ နံနက်ပိုင်းတွင် အတီးပြိုင်ပွဲ(အဖွဲ့လိုက်)၊ အတီးပြိုင်ပွဲ(တစ်ဦးချင်း-အော်ဂင်၊ လိဒ်၊ ဒရမ်)ကိုလည်းကောင်း၊ မွန်းလွဲပိုင်းနှင့် ညပိုင်းတွင် ပြဇာတ်ပြိုင်ပွဲကိုလည်းကောင်း ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဥက္ကဋ္ဌနှင့်ရန်ကုန်အသင်းခွဲဥက္ကဋ္ဌပါမောက္ခဦးဘမြင့် ဦးဆောင်ပြီး ဩဂုတ် ၂၉ ရက်က ကလေးဝတောရစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ဝါတွင်းကာလကွင်းဆင်းကုသအလှူဒါနအဖြစ် ကျောင်းတိုက်ရှိ သွားနှင့်ခံတွင်းရောဂါရှင် သံဃာတော်များ၊ သီလရှင်များနှင့် ကျောင်းသားကျောင်းသူ ၆၁၆ ဦးတို့အား စစ်ဆေးကြည့်ရှု ကုသပေးကြစဉ်။ (က-ပ)

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေ

ရန်ကုန် စက်တင်ဘာ ၈

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ကပ္ပလီပင်လယ်ပြင်၌ မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေကြောင်း သိရသည်။

စက်တင်ဘာ ၉ ရက် ညနေအထိ ခန့်မှန်းချက်မှာ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

* သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
* သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
* ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
* ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။

မိုးတစ်ကြိမ်နှစ်ကြိမ်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။

၂၀၀၆ခုနှစ်ကမ္ဘာ့ဖလားခြေစစ်ပွဲ ဇမ်ဘီယာနှင့်ကင်ညာအသင်းတို့ နိုင်ပွဲများရရှိခဲ့

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန် စက်တင်ဘာ ၈

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲ အာဖရိကဇုန်မှ အသင်းများ ခြေစစ်ပွဲများကို စက်တင်ဘာ ၄ရက်နှင့် ၅ရက်၌ ကစားခဲ့ကြရာတွင် ဇမ်ဘီယာအသင်းက လိုက်ဘေးရီးယားအသင်းကိုတစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး မော်ရိုကိုနှင့် တူနီးရှားတို့ တစ်ဂိုးစီ သရေကျကာကင်ညာက မာလာဝီအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သလို ယူဂန္ဓာနှင့် ဘူကီနာဖာဆိုတို့ပွဲတွင်ဘူကီနာဖာဆိုအသင်းကနှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

အာဖရိကဇုန်

အာဖရိကဇုန်တွင် အုပ်စုငါးခု ခွဲထားပြီး တစ်အုပ်စုလျှင် ခြောက်သင်းနှင့်စုစုပေါင်းအသင်း ၃၀ ရှိရာ ယခုအချိန်အထိ အုပ်စုငါးခုလုံးတွင် လေးပွဲစီကစားခဲ့ကြပြီး ဖြစ်သည်။

အုပ်စု (က)မှဇမ်ဘီယာနှင့်လိုက်ဘေးရီးယားတို့ ဇမ်ဘီယာနိုင်ငံလူဆာကာမြို့၌ယှဉ်ပြိုင်ကစားရာ ဇမ်ဘီယာအသင်းမှာ အုပ်စု(က)၌ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် လေးမှတ်ရရှိထားသော အသင်းဖြစ်သည်။

လိုက်ဘေးရီးယား အသင်းမှာလည်းတစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးပြီး လေးမှတ်ရရှိထားသော အသင်းဖြစ်သည်။

ဖိကစား

ပထမပိုင်းပြီးသည်အထိဂိုးမသွင်းနိုင်ဘဲရှိရာ ဒုတိယပိုင်းတွင် ဇမ်ဘီယာအသင်းက ပိုမိုထိုးဖောက်ကစားနိုင်ပြီး ဖိကစားထားနိုင်ခဲ့သည်။ ပွဲချိန် ခုနစ်မိနစ်တွင် လိုက်ဘေးရီးယားမှ ဝီလီယံ အဖျက်ကြမ်းသဖြင့် အဝါကတ်အပြခံရသလို ပွဲချိန် ၈၅မိနစ်တွင် လိုက်ဘေးရီးယားမှ တွန်ဒိုလည်းအဝင်ကြမ်းမှုကြောင့် အဝါကတ် အပြခံရသည်။ ပွဲချိန်မိနစ် ၉၀ ပြည့်သည်အထိ ဂိုးမသွင်းနိုင်ဘဲရှိရာ လေလွင့်ချိန်အစားထိုးသည့်အချိန်ပို ပွဲချိန် ၉၁ မိနစ်တွင် ဇမ်ဘီယာမှ ကမ်ပမ်ဘာက တစ်ဂိုးသွင်းနိုင်ခဲ့ပြီး ယင်းဂိုးဖြင့်ပင် ပွဲသိမ်းကာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဇမ်ဘီယာ

ဇမ်ဘီယာအသင်း လေးပွဲကစားပြီးချိန်၌ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးခုနစ်မှတ်ဖြင့် အုပ်စု(က) တတိယနေရာသို့ တက်လာသည်။ လိုက်ဘေးရီးယားမှာ တစ်ပွဲနိုင်၊တစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့်ပဥ္စမနေရာသို့ ရောက်သွားသည်။

မော်ရိုကိုနှင့် တူနီးရှား

အာဖရိကဇုန်အုပ်စု(င)မှ မော်ရိုကိုနှင့် တူနီးရှားတို့ မော်ရိုကို နိုင်ငံ ရာဘတ်မြို့၌ စက်တင်ဘာ ၄ ရက်က ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီ သရေပွဲဖြစ်သွားခဲ့သည်။

အပြင်းအထန်ကြိုးစား

တူနီးရှားတို့က တစ်ပွဲနိုင်၊တစ်ပွဲသရေ၊တစ်ပွဲရှုံးပြီး လေးမှတ်ရနေသလို မော်ရိုကိုအသင်းကလည်း တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ငါးမှတ် ရရှိနေသော အသင်းဖြစ်သည်။ ပွဲစတင်ကစားရာတွင် တူနီးရှားတို့က ပိုမိုတိုက်စစ်ဆင်ကစားနိုင်ပြီး မော်ရိုကိုနောက်တန်းကို အကြိမ်ကြိမ် ထိုးဖောက်ကစားနိုင်ခဲ့ရာ ပွဲချိန် ၁၁မိနစ်မှာပင် တူနီးရှားမှ ဆန်တော့စ်က အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

တူနီးရှားတို့ အနိုင်ဂိုး ထပ်မံရရှိရေးအပြင်းအထန်ကြိုးစားမှုကြောင့် ပွဲချိန် ၂၂မိနစ်နှင့် ၂၇မိနစ်တို့တွင် တူနီးရှားမှဘာဒရာနှင့်ချက်လီအဒယ်တို့ အဝါကတ်ပြသတိပေးခံရသည်။ ပထမပိုင်းပြီးချိန်အထိ မော်ရိုကိုတို့ ချေပဂိုးမသွင်းနိုင်ခဲ့ပေ။

ဒုတိယပိုင်းတွင် မော်ရိုကိုတို့ ချေပဂိုးရရှိရေး ကစားအားတင်ထိုးဖောက်ကစားရာ ဂိုးရလိုမှုဆန္ဒစောနေမှုကြောင့် အဝင်ကြမ်းသလိုဖြစ်ရာ ပွဲချိန် ၄၆မိနစ်နှင့် ၅၆မိနစ်တို့တွင် မော်ရိုကိုမှ ဟိုင်ဝုဒ်နှင့် ကရာဂျာတို့ အဝါကတ် အပြခံရသည်။

ပွဲချိန် ၇၄မိနစ်တွင် မော်ရိုကို ကွင်းလယ်ကစားသမား ကာရာဂျာ ထိုးပေးလိုက်သည့်ဘောလုံးကို အီလ်ကာကော်ရီက သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိခဲ့သည်။ နှစ်သင်းစလုံး ထပ်မံဂိုးမသွင်းနိုင်ကြသဖြင့် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပြီး တစ်မှတ်စီ ခွဲဝေယူခဲ့ကြရသည်။

ဘူကီနာဖာဆိုနှင့် ယူဂန္ဓာ

အာဖရိကဇုန် အုပ်စု(ခ)မှ အသင်းများဖြစ်သော ဘူကီနာဖာဆိုနှင့် ယူဂန္ဓာတို့ ဘူကီနာဖာဆိုနိုင်ငံ အိုရာဂါဒေါဂေါမြို့၌ ကျင်းပခဲ့ရာ ဘူကီနာဖာဆိုအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယူဂန္ဓာအသင်းမှာ ယခင်က ထက်မြက်ခဲ့သော ခြေစွမ်းများပျောက်လျက်ရှိရာအသင်းငယ်ဖြစ်သော ဘူကီနာဖာဆိုအသင်းကို တစ်ဂိုးမျှမသွင်းနိုင်ဘဲ ရှုံးခဲ့ရခြင်းဖြစ်သည်။ အိမ်ရှင်ဖြစ်သည့် ဘူကီနာဖာဆိုက ပွဲစသည်နှင့် လျင်လျင်မြန်မြန် တိုက်စစ်ဆင်ထိုးဖောက်ကစားရာ ယူဂန္ဓာတို့က ခံစစ်ဖြင့် ဟန့်တားနေခဲ့ရသည်။ ဘူကီနာဖာဆိုရှေ့တန်းမှ ဝေါဖရိတ်ဆာနော် အထူးခြေစွမ်းပြ ကစားနိုင်ပြီး ဂိုးရအောင် ဖန်တီးပေးနိုင်ခဲ့မှုကြောင့် ပွဲချိန် ၃၄ မိနစ်တွင် ဘူကီနာဖာဆို တိုက်စစ်မှူး ဘီလီဒါဂါနိုက တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးပထမပိုင်းတွင် တစ်ဂိုး-ဂိုးမရှိ ဦးဆောင်နေခဲ့သည်။

ပွဲချိန်၇၉မိနစ်တွင် ဘူကီနာဖာဆိုမှ တိုက်စစ်မှူး အဇစ်နီဘိုင်မာက တစ်ဂိုးထပ်မံ သွင်းယူခဲ့ခြင်းကြောင့် ယူဂန္ဓာတို့နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ယူဂန္ဓာတို့ ယခုပွဲ ရှုံးနိမ့်ခဲ့ရသဖြင့် လေးပွဲကစားပြီးချိန်တွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် လေးမှတ်သာရရှိနေပြီး အုပ်စု(ခ)ဆဋ္ဌမနေရာ၌သာရှိနေသည်။ ဘူကီနာဖာဆို အသင်းမှာ လေးပွဲကစားပြီးချိန်တွင် နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ ခြောက်မှတ်ရရှိကာ အုပ်စု(ခ) တတိယနေရာသို့ တက်လာသည်။

ကင်ညာနှင့် မာလာဝီ

အာဖရိကဇုန် အုပ်စု (င)မှ အသင်းများဖြစ်သည့် ကင်ညာနှင့် မာလာဝီ တို့ ခြေစစ်ပွဲကို ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ ကျင်းပရာ အိမ်ရှင် ကင်ညာ အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင် ရရှိခဲ့သည်။

ကင်ညာအသင်းသည် အိမ်ရှင်ဖြစ်သည့် အားလျော်စွာ မာလာဝီအသင်းကို ပွဲစသည်နှင့် အပေါ်စီးမှ ကစားနိုင် ခဲ့သည်။ ကင်ညာတိုက်စစ်မှူးများဖြစ်သည့် စီရမ်ရို၊ အိုမန်ဒီနှင့် မာရီဂါတို့က အတွဲညီစွာ ထိုးဖောက်ကစားရာ ပွဲချိန် ၂၂မိနစ်တွင် ကင်ညာအသင်းမှ ဂျွန်ဘာရာဇာက အဖွင့်ဂိုးသွင်းယူခဲ့သည်။

ပထမဂိုးသွင်းပြီး မကြာမီပွဲချိန် ၂၆မိနစ်တွင် ကင်ညာတိုက်စစ်မှူး ဒင်းနစ်အိုလီချီက တစ်ဂိုး၊ ပွဲချိန် ၃၁ မိနစ်တွင် ဂျွန်ဘာရာဇာက တစ်ဂိုး သွင်းယူခဲ့သည်။ မာလာဝီအတွက် ချေပဂိုးများကို ပွဲချိန် ၄၃ မိနစ်တွင် မာလာဝီကွင်းလယ် ကစားသမား အမ်ကင်ဒါဝီရာက တစ်ဂိုးနှင့် ပွဲချိန် မိနစ် ၉၀ တွင် မာလာဝီတိုက်စစ်မှူး မူသာလီက တစ်ဂိုးသွင်းယူ ချေပနိုင်ခဲ့သဖြင့် မာလာဝီတို့ သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးခဲ့ရခြင်းဖြစ်သည်။

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲ အာဖရိကဇုန်အသင်းများ လေးပွဲစီ ကစားခဲ့ကြပြီးဖြစ်ရာ အုပ်စုအလိုက်တွင် အာဖရိကနာမည်ကြီးအသင်းများ ထိပ်ဆုံး၌ မရပ်နိုင်ကြသေးဘဲရှိရာ နိုင်ပွဲများဆက်လက်ရရှိရေး ကြိုးစားကြရဦးမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် အာဖရိကဇုန်မှ ဇမ်ဘီယာနှင့် လိုက်ဘေးရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဇမ်ဘီယာမှ မူဆွန်ဒါ ဘောလုံးသယ်ယူလာသည်ကို လိုက်ဘေးရီးယားမှ ဒိုင်ဝုဝီလီယံက ဟန့်တားရန် ကြိုးစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂိုးသမားတင်ဟောင်းဝပ်ဒ်ကန်အသင်း၌ဂိုးမဖမ်းတော့

နယူးယောက် စက်တင်ဘာ ၇

မန်ချက်စတာ ယူနိုက်တက်ဂိုးသမားတင်ဟောင်းဝပ်ဒ်သည် ကမ္ဘာ့ဖလား ခြေစစ်ပွဲအဖြစ် ပနားမားအသင်းနှင့် ယှဉ်ပြိုင်မကစားမီ ဗုဒ္ဓဟူးနေ့က အသင်းမှ ထွက်ခွာသွားသည်။

ဟောင်းဝပ်ဒ်သည် အမေရိကန်အသင်းနှင့် အယ်ဆာဗေဒိုတို့ စနေနေ့ကယှဉ်ပြိုင်ကစားရာတွင် နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး အင်္ဂလန်သို့ ပြန်ရောက်ရှိခဲ့သည်။

ပနားမား အသင်းနှင့် ယှဉ်ပြိုင်မည့်ပွဲတွင် ကာဆေးကယ်လ်လားကို ရွေးထားပြီး နယူးယောက် ဂိုးသမား ဂျွန်နီဝေါကာအား အရန်ဂိုးသမားအဖြစ် ရွေးချယ်ထားသည်။

အမ်အင်အေ၊ရိုက်တာ

ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၈

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် ဖိုးလပြည့်ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကျင်းပမည့် ၂၀၀၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၆ ရက်အထိ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းရှိ အဖွဲ့ချုပ်လေ့ကျင့်ရေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် စက်တင်ဘာ ၂၈ရက် ညနေ ၃ နာရီနောက်ဆုံးထား၍ စာရင်းပေးသွင်းကြရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက တွဲဖက်အတွင်းရေးမှူး ဗိုလ်ကြီးဝင်းနိုင်(ငြိမ်း) ဖုန်း-၀၉-၉၉-၂၇၅၄၁ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

တိုက်ဂါးဝုဒ်ကြီးစိုးခဲ့သော ကမ္ဘာ့နံပါတ်တစ်နေရာ ဒွိုက်ချ်ဘင့်ချန်ပီယံပွဲအပြီး ဗီဂျေဆင်းလွှဲပြောင်းရယူပြီ

နော်တွန်(မက်ဆာချူးဆက်) စက်တင်ဘာ ၈

ဖီဂျီနိုင်ငံသားဗီဂျေဆင်းသည် တနင်္လာနေ့က ဘော့စတွန်ဂေါက် ကလပ်၌ပြုလုပ်သည့် ဒွိုက်ချ်ဘင့် ချန်ပီယံဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးအကျော့တွင် သုံးချက်လျှော့ရိုက်ပြီး အဆိုပါဖလားကို ရယူသွားပြီးနောက် ၎င်း၏ကစားဖော်တိုက်ဂါးဝုဒ်ထံမှ ကမ္ဘာ့နံပါတ်တစ်နေရာကို လွှဲပြောင်းရယူခဲ့သည်။

ဆင်းနှင့်ဝုဒ်တို့သည် နောက်ဆုံးအကျော့တွင် အကြိတ်အနယ်ယှဉ် ပြိုင်ခဲ့ကြရာ ၆၉ချက်စီရိုက်ကာ ပြိုင်ပွဲကိုအဆုံးသတ်ခဲ့သည်။ သို့ရာတွင် ဗီဂျေဆင်းသည် စောစောပိုင်း အကျော့များတွင် သတ်မှတ်ရိုက်ချက်ထက် ၁၆ချက်လျှော့ရိုက်ခဲ့၍ တိုက်ဂါးဝုဒ်၏ အရှိန်အဝါ ညှိုးနွမ်းခဲ့ရသည်။ အသက်(၄၁)နှစ်ရှိ ဆင်းသည် ၁၄လအတွင်း အကျော်ကြားဆုံး ဂေါက်သီးရိုက်အားကစားသမားဖြစ်လာပြီး ယခုနှစ်ရာသီတွင် သူ၏ခြောက်ကြိမ်မြောက် ပီဂျီအေဖလားကိုလည်း ရယူထားသူဖြစ်သည်။ သူ၏ဂေါက်သီးရိုက် အားကစားသမား သက်တမ်းတစ်လျှောက် ယင်းအောင် မြင်မှုသည် အကြီးမားဆုံးအောင်မြင်မှုပင်ဖြစ်သည်။

ဆုဖလား

တိုက်ဂါးဝုဒ်ကို အနိုင် ကစားခဲ့သည့် ဖီဂျီ နိုင်ငံမှ ဗီဂျေ ဆင်းအား ၎င်း၏ ဒွိုက်ချ်ဘင့် ဖလားနှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မိမိ၏ယနေ့အာရုံစိုက်မှုများသည် ဂေါက်သီးရိုက်ပြိုင်ပွဲကို အမှန်ပင်အောင်မြင်စေခဲ့ကြောင်း၊ မိမိသည်စိတ်ရှည်ရှည်ဖြင့် အဆိုပါပြိုင်ပွဲကိုအဓိကထား ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း ဆင်းကပြောကြားသည်။

မိမိသည် ကမ္ဘာ့နံပါတ်တစ်နေရာကို မည်သို့အနိုင်ယူရမည်ကို ကြိုးစားနေကြောင်း၊ ယခုအောင်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ အောင်ပွဲခံရန် မစောင့်နိုင်တော့ကြောင်း ၎င်းကထပ်လောင်းပြော ကြားသည်။

မိမိသည် ကမ္ဘာ့နံပါတ်တစ်ဖြစ်လာရန် ကောင်းမွန်စွာ ကစားနိုင်ခဲ့ကြောင်း၊ မိမိသည် ၎င်းအဆင့်ကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း သတင်းထောက်များအားပြောသည်။

နောက်ဆုံးအကျော့တွင် ဖီဂျီနိုင်ငံသား ဆင်းသည် ကျင်းအမှတ် ၁၄တွင် သူ၏တတိယမြောက် အချက်ပိုမရိုက်မီ ၁၅ချက်အောက် လျှော့ရိုက်မည့် ပထမဆုံးကျင်းတွင် ဘာဒီရမှုနှင့်အတူ လေးချက်ရိုက်ကာ ဦးဆောင်ခဲ့သည်။ ထိုအချိန်၌ တိုက်ဂါးဝုဒ်သည် သတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်ရိုက်ထားသည်။

တိုက်ဂါးဝုဒ်သည် မက်ဒီနက်သ် ၌ ၁၉၉၉ ခုနှစ်က အမေရိကန်ပီဂျီအေချန်ပီယံရှစ်တွင် ကမ္ဘာ့နံပါတ်တစ်ဖြစ်လာခဲ့ပြီးနောက် သီတင်းပတ်ပေါင်း ၂၆၄ ပတ်ဆက်တိုက် ကမ္ဘာ့နံပါတ်တစ်နေရာကို ကြီးစိုးထားနိုင်ခဲ့သူဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ

ဟိုတယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၈

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ် (၅)ကြိမ်မြောက် ဟိုတယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ (Inter-Hotel Football Friendly Tournament 2004)ကို စက်တင်ဘာ ၉ရက်မှ ၂၀ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ရှစ်သင်းပါဝင်ရာ လေးသင်းစီပါဝင်သောအုပ်စုနှစ်စုခွဲ၍ အုပ်စုပတ်လည်ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အုပ်စုပွဲစဉ် ရေးဆွဲထားရာ အုပ်စု(က)၌ ဆန်းမစ်ပတ်ဗျူးဟိုတယ်၊ ဂရင်းပလာဇာဟိုတယ်၊ ဟိုတယ်နစ်ကိုးရွှိုင်ရယ်လိတ်နှင့် ပင်ဆီးဟိုတယ်၊ အုပ်စု(ခ)၌ ကန်တော်ကြီးဟိုတယ်၊ ကုန်သည်ကြီးများဟိုတယ်၊ ဂျူးဆစ်အင်းယားလိတ်ဟိုတယ်နှင့် မီကာဆာဟိုတယ်တို့ပါဝင်ကြသည်။

အုပ်စုပွဲစဉ်များကို တက္ကသိုလ်များအားကစားကွင်း၌ လည်းကောင်း၊ အကြိုဗိုလ်လုပွဲနှင့် နောက်ဆုံးဗိုလ်လုပွဲကို အောင်ဆန်းအားကစားပြိုင်ကွင်း၌ လည်းကောင်း ကျင်းပမည်ဖြစ်သည်။ စက်တင်ဘာ၉ရက်**(ယနေ့)**နံနက် ၁၀ နာရီတွင် တက္ကသိုလ်များအားကစားကွင်း၌ အုပ်စု(က)ပထမပွဲစဉ်အဖြစ် ဆန်းမစ်ပတ်ဗျူးဟိုတယ်နှင့် ဂရင်းပလာဇာဟိုတယ်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

မြေပုံထုတ်လုပ်ရာတွင်အသုံးပြုသည့် ဒီဂျစ်တယ်ကင်မရာအကြောင်းရှင်းလင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၈

ဂြိုဟ်တုဓာတ်ပုံများနှင့် ကောင်းကင်ဓာတ်ပုံများမှ Digital မြေပုံများ ရေးဆွဲ ထုတ်လုပ်သည့် (Image Station SSK Work Station) Photogrammetry စနစ် အသုံးချနည်းသင်တန်း အောင်လက်မှတ်ပေးအပ်ပွဲနှင့် မြေပုံထုတ်လုပ်ရာတွင် အသုံးပြုသည့် ဒီဂျစ်တယ် ကင်မရာ အကြောင်းရှင်းလင်းပွဲ အခမ်းအနားကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြေတိုင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၁နာရီခွဲက ကျင်းပသည်။

အခမ်းအနားသို့ မြေတိုင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းနှင့်အရာထမ်းများ၊ သင်တန်းသားများ၊ ဖိတ်ကြားထားသူများ၊ Myanmar Intergraph ကုမ္ပဏီမှ Managing Director Mr. William R.Love၊ General Manager ဦးဇော်နိုင်နှင့် ကျွမ်းကျင်ဝန်ထမ်းများတက်ရောက်ကြသည်။

ရှေးဦးစွာ မြေတိုင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ကျေးဇူးတင် အမှာစကား ပြောကြားပြီး Myanmar Intergraph ကုမ္ပဏီမှ Managing Director Mr. William R.Love က သင်တန်းသို့ တက်ရောက်ခဲ့သော သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

ထို့နောက် Myanmar Intergraph ကုမ္ပဏီမှ Managing Director Mr.William R.Love **(အောက်ပုံ)**က မြေပုံထုတ်လုပ်ရာတွင် အသုံးပြုသည့် ဒီဂျစ်တယ် ကင်မရာ (D.M.C) အကြောင်း ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။ **(က-ပ)**

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်တိုင်း ဒလမြို့နယ် ညောင်ကုန်းရပ်ကွက် ညောင်ကုန်းဇေယျဝတီကျောင်းတိုက်၌ စက်တင်ဘာ ၁၁ ရက် (စနေနေ့)တွင် မဟာဓမ္မကထိက ဉာဏဒီပဆရာတော်ဦးဇဋိလကလည်းကောင်း၊ စက်တင်ဘာ ၁၂ ရက် (တနင်္ဂနွေနေ့)တွင် အောင်ခြင်းဆရာတော်ဦးကုဏ္ဍလက လည်းကောင်း ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါသည် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၄ ရက်က ဆိပ်ကြီးခနောင်တိုမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (က-ပ)

ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၈

ပညာရေးတက္ကသိုလ်တွင် ၁၉၇၄ ခုနှစ်မှ စတင်၍ ၁၉၇၉ ခုနှစ်အထိ ပညာသင်ယူခဲ့ကြသော ကျောင်းသူကျောင်းသားဟောင်းများ၏ (၁၉၇၉-၂၀၀၄) ၂၅ နှစ်မြောက် ငွေရတုအထိမ်းအမှတ် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၁ ရက် (တနင်္လာနေ့)တွင် မဟာသန္တိသုခကျောင်းတိုက်၌ ကျင်းပရန် ကျင်းပရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ကျောင်းသူ ကျောင်းသားဟောင်းများသည် ဦးအောင်ကိုကို ကျောင်းအုပ်ကြီး အထက(၁) လမ်းမတော် ဖုန်း- ၂၂၁၉၁၃၊ ဦးကျော်ဆွေ ဖုန်း- ၅၅၆၈၉၄၊ ဒေါ်အယ်(လ်)ခွန်းရီ၊ ဖုန်း- ၅၄၅၀၉၇၊ ဒေါ်မေလှရီ၊ ဖုန်း- ၇၂၃၁၆၃၊ ဒေါ်ယုယုဆွေ ဖုန်း- ၅၇၇၇၁၈၊ ဒေါ်မြမြလေး ဖုန်း-၀၅၇-၂၂၉၄၆၊ ဒေါ်ခင်ငွေးလွင် ဖုန်း- ၁၆၁-၂၁၄၉၀၊ ဒေါ်သန်းသန်းအေး ဖုန်း-၀၂၃၂၇၃၅၊ ဒေါ်နန္ဒာမွန်း ဖုန်း- ၂၅၄၃၉၄ တို့သို့ အလှူငွေများ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မိုးညှင်းအရှင်ဣန္ဒက (ဓမ္မာစရိယ) တရားပွဲ

ရန်ကုန် စက်တင်ဘာ ၈

ရန်ကင်းမြို့နယ် မိုးကောင်း ဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စနိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာဓမ္မာရုံကြီးတွင် ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ် မိုးညှင်းအရှင်ဣန္ဒက(ဓမ္မာစရိယ) ဆရာတော်အရှင်သူမြတ်သည် ဝါခေါင်လကွယ်နေ့ (စက်တင်ဘာ ၁၃ရက်) မွန်းလွဲ၂နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ် (၅)ရပ်ကွက် ဦးပိုင်အမှတ် ၇(ဃ) မစိုးရိမ်ကျောင်းလမ်းနှင့် ဝိဇ္ဇာလမ်းသွယ်ထောင့်ရှိ ၁၁ဒသမ၇၅ ဧက အကျယ်မြေကွက်နှင့် မြေတိုင်း ရပ်ကွက် အမှတ် ၄၃ သမိုင်း၊ ဦးပိုင်အမှတ် ၄(ခ)၊ ၁၂(ခ)၊ မြေတိုင်း ရပ်ကွက် အမှတ် ၄၄ သမိုင်း၊ ဦးပိုင် အမှတ် ၇(ဃ)၊ ၇(င)၊ ၈ စုစုပေါင်း ၃၁ဒသမ ၃၇၄ဧကသည် ဦးဘသိန်းနှင့် ၅၅ဦး အမည်ပေါက် စုပေါင်းပိုင်ဆိုင်သော ဥပစာဖြစ်သည်။

ထို့ကြောင့် ယင်းမြေကွက်ကြီး၏ မည်သည့်အစိတ်အပိုင်းကိုမဆို အထူးဂရန် လျှောက်ထားခြင်း၊ ဂရန်ရရှိအောင် ဆောင်ရွက်ပေးမည်ဟုပြောဆိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း၊ ငှားရမ်းခြင်း၊ ကျူးကျော်ဝင်ရောက် အဆောက်အအုံဆောက်လုပ်ခြင်း၊ လူနေထိုင်ခွင့်လျှောက်ထားခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ အခြားတစ်နည်းနည်းလွှဲပြောင်းခြင်းများ မပြုလုပ်ရန် သတိပေး တားမြစ်ကန့်ကွက်ပါသည်။ ဤသတိပေးတားမြစ်ချက်များကို ဆက်လက်ပြုလုပ်နေပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ပြီး ဥပဒေအရအရေးယူခြင်းခံရမည်ဖြစ်ကြောင်း ကြိုတင် သတိပေးအပ်သည်။

မြေရှင်များ၏ ညွှန်ကြားချက်အရ-

ဦးမျိုးဝင်းတင်
တရားရုံးချုပ်ရှေ့နေ စဉ်-၁၉၆၂
အမှတ် ၅၀(ပထမထပ်)၊ အခန်း D၄/၅၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်။ ဖုန်း-၇၀၁၄၃၉

မြဝတီရုပ်မြင်သံကြား

၉-၉-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် **ရွှေပြည်စိုးနှင့်ကျွန်တော်** (ရသစာပေအထူးပြု-ပထမနှစ်)
- ၅:၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၇။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"**(အပိုင်း-၃၄)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း-၄)

ရင်ထဲကပုလဲသွယ် အင်္ဂလိပ်၊မြန်မာဖြင့်ထုတ်ဝေ

ရန်ကုန် စက်တင်ဘာ ၈

အမျိုးသားစာပေဆု(ကဗျာဆု)ကို လေးကြိမ်တိုင် ရရှိထားပြီးဖြစ်သော ကဗျာဆရာ မြင်းမူမောင်နိုင်မိုး၏ ၁၉၆၅ခုနှစ်မှ ၂၀၀၃ခုနှစ်အတွင်း ရေးဖွဲ့သီကုံးခဲ့သော ကဗျာများအနက်မှ လက်ရွေးစင်ကဗျာ ၆၁ပုဒ်ကို ဆရာအမေ့သားက အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုကာ ရင်ထဲကပုလဲသွယ်(String of Pearls in the Heart) **(အပေါ်ပုံ)** အမည်ဖြင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ မြန်မာစာပေနှင့်မြန်မာကဗျာကို နိုင်ငံတကာ စာပေအသိုက်အဝန်းအတွင်း ဖြန့်ကြက်ထိုးဖောက်နိုင်ရန် ရည်ရွယ်လျက် အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ပုံနှိပ်ထားပြီး ဂူဖရီစက္ကူချော၊ စာဖောင် ၁၅ဖောင်၊ တန်ဖိုးကျပ် ၁၀၀၀နှုန်းဖြင့် ထုတ်ဝေဖြန့်ချိလိုက်ရာ ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် ဖုန်း- ၃၇၄၅၃၂၊ ၇၂၅၅၃၀၊ မန္တလေးမြို့ ထွန်းဦးစာပေ ဖုန်း-၀၂-၃၉၈၉၁၊ ၀၂-၃၉၈၀၁တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

(က-ပ)

စက်တင်ဘာ ၈ရက်က ရန်ကုန်တိုင်း အဆင့်မြင့်ပညာ အဆင့် ဒွါဒသမ အကြိမ် (၁၂ကြိမ်)မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အမျိုးသမီး အက ပြိုင်ပွဲတွင် ဆေးတက္ကသိုလ် (၁) ရန်ကုန် ပထမနှစ် ကျောင်းသူ မမေသူကျော် ယှဉ်ပြိုင်စဉ်။(သတင်းစဉ်)

စက်တင်ဘာ ၄ ရက်က အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း မရမ်းကုန်းမြို့နယ်၌ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်မြင့်မြင့်ဆွေက အဋ္ဌမတန်း၌ ပထမရရှိသော မနီလာစီအား ဆုချီးမြှင့်စဉ်။ (က-ပ)

National Development Co., Group Ltd.
(Public Company)
National Development Co.,Group Ltd. ...
National Development Co., Group Ltd

Y.E.S.
Basic Spoken English : SEP- 13,18,20,27
Pre-Intermediate English : SEP - 13,27,25
SAT (I) & Intermediate English : SEP - 1, 20
English Language Proficiency(4 Skills) : SEP - 13
Grammar Foundation Course : SEP - 18
Basic Writing, Academic Writing : SEP - 27
IELTS, TOEFL, SAT (II), Vocabulary Enrichment
No.190,2nd Flr.,28th St.(Upper),Pabedan Tsp. ☎ 243950

FAME
HERBAL FRESH®
စိတ်ကြည်လင်လန်းဆန်းစေအား

KMD Computer Centre
i-Office
Pratical A+
Accpac Plus
Graphic Design
Desktop Publishing (DTP)
KMD

၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ်(၁၂ ကြိမ်)
မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
အတီးဘာသာရပ်အတွက် ပြိုင်ပွဲဝင်များလေ့လာရန် သတ်မှတ်သောသီချင်းများ

(ယမန်နေ့ကအဆက်)

စောင်းပြိုင်ပွဲအတွက် ရွေးချယ်ထားသောသီချင်းများ

၁။ ပညာရှင်
- (က) ထောင်ရောင်နေကသာ (သီချင်းခံ)
- (ခ) အင်ကြင်းသရဖီ (ယိုးဒယား)
- (ဂ) တောတောင်စွယ် (ယိုးဒယား)
- (ဃ) ဖြူပြာမှုရာ (ပတ်ပျိုး)
- (င) အောင်မြေသာစံ (ပတ်ပျိုး)
- (စ) စိန်ခြယ်ညီးလင်း (မွန်)
- (ဆ) စိန်ကြောင်နီလာ (ပတ်ပျိုး)
- (ဇ) သပြေပင်ဝန်း (ကြိုး)

၂။ ဝါသနာရှင်အဆင့်
- (က) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
- (ခ) မန္တလာဘုံ (ဘွဲ့)
- (ဂ) ရာပြည်မင်းငယ်တို့ (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့်
- (က) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
- (ခ) ထောင်ရောင်နေ (ကြိုး)
- (ဂ) ဟောဝန်မြိုင်လမ်း (ယိုးဒယား)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်
- (က) ကုန်းဘောင်အာဟိန်ညွန့်ညွန့် (ပတ်ပျိုး)
- (ခ) မှန်ညောင်သဥ္စာ (ဝတ်တော်ရုံ)
- (ဂ) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်
- (က) အတိုင်းမသိမင်္ဂလာ (ဘွဲ့)
- (ခ) ဆန်းနွေဦး (ယိုးဒယား)
- (ဂ) သီတာသီတာရေကြီး (ကြိုး)

၆။ အခြေခံပညာ(၅-၁၀)အဆင့်
- (က) ဘုံဆောင်မြင့် (ကြိုး)
- (ခ) ရွှေပြည်ကြီးဇရော (ကြိုး)
- (ဂ) ထံတျာတေရှင် (ကြိုး)

စန္ဒရားပြိုင်ပွဲအတွက် ရွေးချယ်ထားသောသီချင်းများ

၁။ ပညာရှင်
- (က) တောမြိုင်စွန်း (ယိုးဒယား)
- (ခ) ဇာတိအာဏာ (ယိုးဒယား)
- (ဂ) ရဝိန်ဒေါင်းယာဉ်ပျံ (ပတ်ပျိုး)
- (ဃ) စိန်ခြယ်ညီးလင်း (မွန်)
- (င) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
- (စ) ဒီပါအေးမြ (ပတ်ပျိုး)
- (ဆ) တောတောင်စွယ် (ယိုးဒယား)
- (ဇ) သာဆန်းရဂုံဖွေ (ပတ်ပျိုး)

၂။ ဝါသနာရှင်အဆင့်
- (က) နန်းသီဟိုဠ် (ယိုးဒယား)
- (ခ) ပန်းဟေဝန် (ယိုးဒယား)
- (ဂ) နတ်ရှင်နောင် (ကာလပေါ်)

၃။ အဆင့်မြင့်ပညာအဆင့်
- (က) မြသို့ငယ်စိမ်းနု (ဘွဲ့)
- (ခ) မိုးလုံးပတ်လည် (ပတ်ပျိုး)
- (ဂ) ပေဖူးလွှာ (ကာလပေါ်) တင်တင်မြ

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်
- (က) ဆန်းဆန်းသဥ္စာကြာညောင် (ယိုးဒယား)
- (ခ) မိုးမင်းလွန်ကဲ (ကြိုး)
- (ဂ) ဇော်ဓိပင်နှင့်ရွှေပလ္လင် (ကာလပေါ်)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်
- (က) မင်္ဂလာသီရိ (ဘွဲ့)
- (ခ) ကျွန်းကျွန်းပိုင်သ (ကြိုး)
- (ဂ) လက်ရေတစ်ပြင်တည်း (ကာလပေါ်)

၆။ အခြေခံပညာ(၅-၁၀)အဆင့်
- (က) ထွေတလာ (ကြိုး)
- (ခ) ဝေဘာဂီရိ (ကြိုး)
- (ဂ) မေတ္တာ (ကာလပေါ်) မြသက်မူ

ပတ္တလားပြိုင်ပွဲအတွက် ရွေးချယ်ထားသောသီချင်းများ

၁။ ပညာရှင်
- (က) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
- (ခ) အောင်မြေသာစံ (ပတ်ပျိုး)
- (ဂ) ခိုင်ပန်းစုံမှန်မာလာ (ယိုးဒယား)
- (ဃ) အောင်မင်္ဂလာ (ယိုးဒယား)
- (င) ထောင်ရောင်နေကသာ (သီချင်းခံ)
- (စ) ကြောက်ဖွယ့်ဘုန်းတန်း (ကြိုး)
- (ဆ) မှိုင်းပြာမှုန်ဝေ (ပတ်ပျိုး)
- (ဇ) ညင်းညင်း (မွန်)

၂။ ဝါသနာရှင်အဆင့်
- (က) ရေမီးထိန်လျက် (ယိုးဒယား)
- (ခ) ထူးမခြားနား (သီချင်းခံ)
- (ဂ) ပပဝင်းဝင်း (ပတ်ပျိုး)

၃။ အဆင့်မြင့်ပညာအဆင့်
- (က) တောဟေဝန်လယ် (ယိုးဒယား)
- (ခ) စံရာဘုံမြင့် (ကြိုး)
- (ဂ) မြိုင်ခြေခိုင်ရွှေ (ပတ်ပျိုး)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်
- (က) နန်းသီဟိုဠ် (ယိုးဒယား)
- (ခ) မှိုင်းရိပ်ကယ်တည့် (ကြိုး)
- (ဂ) နှုန်းနှုန်းထောက်စား (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်
- (က) ဂန္ဓမာတောင် (ဘွဲ့)
- (ခ) မှိုင်းမှိုင်းမြ (သီချင်းခံ)
- (ဂ) ဟေမာန်ပွေဟန် (ပတ်ပျိုး)

၆။ အခြေခံပညာ(၅-၁၀)အဆင့်
- (က) ထံတျာတေရှင် (ကြိုး)
- (ခ) ဝေဘာဂီရိ (ကြိုး)
- (ဂ) ဇေယျာမြို့ (ကြိုး)

နှဲပြိုင်ပွဲအတွက် ရွေးချယ်ထားသောသီချင်းများ

၁။ ပညာရှင်အဆင့်
- (က) စိန်ခြယ်ညီးလင်း (မွန်)
- (ခ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
- (ဂ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
- (ဃ) ရွှန်းရွှန်းမြ (သီချင်းခံ)
- (င) အောင်မြေသာစံ (ပတ်ပျိုး)
- (စ) မဲဇာတောင်ခြေ (ပတ်ပျိုး)
- (ဆ) သောင်းရွှေလယ် (ယိုးဒယား)
- (ဇ) ရွှေပန်းပန်နှင့် ရွှေညီလာ (လေးထွေသံကပ်)

၂။ ဝါသနာရှင်အဆင့်
- (က) လေပြည်ဆော်သွင်းမြူး (သီချင်းခံ)
- (ခ) မှန်ရဝေ (ပတ်ပျိုး)
- (ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)

၃။ အဆင့်မြင့်ပညာအဆင့်
- (က) ချစ်သမျှကို (ပတ်ပျိုး)
- (ခ) ကျွန်းကျွန်းပိုင်သ (ကြိုး)
- (ဂ) ဇမ္ဗူတောင်ညာ (ပတ်ပျိုး)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်
- (က) ညဥ့်သုံးယံခါ (ပတ်ပျိုး)
- (ခ) မှိုင်းရိပ်ကယ်တည့် (ကြိုး)
- (ဂ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်
- (က) မြရည်နန္ဒာ (ဘွဲ့)
- (ခ) ထွေတလာ (ကြိုး)
- (ဂ) ဇေယျာမြို့ (ကြိုး)

၆။ အခြေခံပညာ(၅-၁၀)အဆင့်
- (က) သီတာသီတာမြသား (ကြိုး)
- (ခ) ဝေဘာဂီရိ (ကြိုး)
- (ဂ) ထံတျာ (ကြိုး)

တယောပြိုင်ပွဲအတွက် ရွေးချယ်ထားသောသီချင်းများ

၁။ ပညာရှင်အဆင့်
- (က) မဏိကဥ္စနာ (ပတ်ပျိုး)
- (ခ) ဘုန်းဆင့်ဆင့်တိုး (ပတ်ပျိုး)
- (ဂ) မဲဇာတောင်ခြေ (ပတ်ပျိုး)
- (ဃ) ပန်းဟေဝန် (ယိုးဒယား)
- (င) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
- (စ) အထူးထူးငယ်နှင့် (ပတ်ပျိုး)
- (ဆ) မှိုင်းပြာဝေ (ပတ်ပျိုး)
- (ဇ) ရွှန်းရွှန်းမြ (သီချင်းခံ)

၂။ ဝါသနာရှင်အဆင့်
- (က) မှိုင်းမှိုင်းမြ (သီချင်းခံ)
- (ခ) ဖြူပြာမှုရာ (ပတ်ပျိုး)
- (ဂ) နီးအောင်ပင်လှမ်း (ကာလပေါ်)

၃။ အဆင့်မြင့်ပညာအဆင့်
- (က) ဇေယျာအောင်ချာ (ကြိုး)
- (ခ) သူရကန် (ပတ်ပျိုး)
- (ဂ) နဂါးနီ (ကာလပေါ်)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်
- (က) ထောင်ရောင်နေ (ကြိုး)
- (ခ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
- (ဂ) ဆိပ်ကမ်းသာ (ကာလပေါ်)

ဒွါဒသမအကြိမ်(၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

- ❐ မိမိတို့ နိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်ထက်မြက် မြင့်မားရေး။
- ❐ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး။
- ❐ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကား ပြန့်ပွားရေး။
- ❐ မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရေး။
- ❐ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေး။
- ❐ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး။

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်
- (က) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)
- (ခ) ဟေမဝန်ချာ (ဘွဲ့)
- (ဂ) ရှင်သီဝလိ (ကာလပေါ်)

၆။ အခြေခံပညာ(၅-၁၀)အဆင့်
- (က) သာယာ (ကြိုး)
- (ခ) ထွေတလာ (ကြိုး)
- (ဂ) တပ်မတော်အင်အား (ကာလပေါ်)

ဆိုင်းတစ်ဦးချင်းပြိုင်ပွဲအတွက် ရွေးချယ်ထားသောသီချင်းများ

၁။ ပညာရှင်
- (က) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
- (ခ) ရွှေတညာ (ယိုးဒယား)
- (ဂ) အောင်မင်္ဂလာ (ယိုးဒယား)
- (ဃ) ထောင်ရောင်နေကသာ (သီချင်းခံ)
- (င) သပြေပင်ဝန်း (ကြိုး)
- (စ) ရွှေပန်းပန်နှင့်ကိုယ်တော်နှင်းနံ့ (လေးထွေသံကပ်)
- (ဆ) ဘုန်းများများမင်း (ပတ်ပျိုး)
- (ဇ) စိုးအမွှန်မှူး (ပတ်ပျိုး)

၂။ ဝါသနာရှင်အဆင့်
- (က) အမင်းမင်းခရ (သီချင်းခံ)
- (ခ) စိန်ဇယဉ်နန့် (ယိုးဒယား)
- (ဂ) ချစ်သမျှကို (ပတ်ပျိုး)

၃။ အဆင့်မြင့်ပညာအဆင့်
- (က) ဆန်းနွေဦး (ယိုးဒယား)
- (ခ) ရွှေဘုန်းတော်လေတည့်မှ (ကြိုး)
- (ဂ) ပြည်ပြည်မင်းပေါင်း (သီချင်းခံ)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်
- (က) ထွန်းလင်းလျှံလက် (ပတ်ပျိုး)
- (ခ) နန်းသီဟိုဠ် (ယိုးဒယား)
- (ဂ) မိုးမင်းလွန်ကဲ (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်
- (က) တေဇာအာဏာထန်ပြင်း (ကြိုး)
- (ခ) မြို့နန်း (ကြိုး)
- (ဂ) ပဟိုရ်မြွက်သံ (ပတ်ပျိုး)

၆။ အခြေခံပညာ(၅-၁၀)အဆင့်
- (က) ထွေတလာ (ကြိုး)
- (ခ) ဇေယျာမြို့ (ကြိုး)
- (ဂ) သီတာ (ကြိုး)

(ဆက်လက်ဖော်ပြပါမည်။)

ကျေးလက်သတင်းနှင့်မြင်ကွင်း

ကျေးလက်သောက်သုံးရေရရှိရေး ချောက်မြို့တွင် စက်ရေတွင်းဖွင့်

ချောက် စက်တင်ဘာ ၂

ကျေးလက်ပြည်သူများ သောက်သုံးရေ ရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ချောက်မြို့နယ် နရွဲတောကျေးရွာ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၉ရက်က အဆိုပါကျေးရွာ စက်ရေတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ စက်ရေတွင်းကို နရွဲတောကျေးရွာ ဘုန်းတော်ကြီးကျောင်း နာယကဆရာတော်၊ မြို့နယ်ဥက္ကဋ္ဌဦးသီဟနှင့် အမှုဆောင်အရာရှိ ဦးကျော်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးမင်းသန့်က စက်ရေတွင်းနှင့်ပတ်သက်၍ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ရှိသင့်သည်။

ဒိုက်ဦးမြို့နယ် နယ်လှည့်စာကြည့်တိုက်ဖွင့်

ဒိုက်ဦး စက်တင်ဘာ ၄

ဒိုက်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျင်းပသော ကျေးရွာကိုယ့်အားကိုယ်ကိုး နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲကို ဩဂုတ် ၃၀ရက်က ဒိုက်ဦးမြို့နယ် ဖအောင်ဝဲ စံပြကျေးရွာ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်ရီရီညွန့်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ခင်စန်းဦး၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ကျောင်းအကျိုးတော်ဆောင် ဦးဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါကျောင်းတွင် ဂျပန်နိုင်ငံနေ အလှူရှင် မစ္စတာဆာတိုနာကာ ချောချိက ကျပ်ဆယ်သိန်းတန်ဖိုးရှိ ပရိဘောဂနှင့် စာအုပ်များ၊ ယူနီဆက် ကျန်းမာရေးဌာနမှ လှူဒါန်းသော သုတစာအုပ် ၅၂အုပ်၊ ဂျပန်နိုင်ငံမေဒေးလီးယန်း တက္ကသိုလ်ကျောင်းသားများအဖွဲ့က သုတစာအုပ် ၄၆အုပ် တို့ကို လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ပင်းတယမြို့နယ် ပညာဗိမာန်စာကြည့်တိုက်ဖွင့် အလှူရှင်များ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

ရေနုတ်မြောင်း တူးဖော်

ကာမိုင်း ဩဂုတ် ၂၀

ကာမိုင်းမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ဩဂုတ် ၃ရက်က အမှုဆောင်အရာရှိ ဦးအင်ခွန်တူး ဦးဆောင်၍ တာဝန်ခံ အင်ဂျင်နီယာနှင့် အဖွဲ့ဝန်ထမ်းများ စုပေါင်း၍ မြို့တွင်း လမ်းတစ်လျှောက် လမ်းဘေးဝဲယာ ရေစီးရေလာ ကောင်းမွန်ရေး၊ လမ်းပျက်စီးမှုမရှိရေး၊ လမ်းပေါ်ရေမဝပ်ရေး အတွက် ရေနုတ်မြောင်း တူးဖော်ခြင်း လုပ်ငန်းများကို စုပေါင်းတူးဖော်ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

ပင်းတယ စက်တင်ဘာ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်းတယမြို့နယ် သိမ်ကုန်းကျေးရွာ "ပညာဗိမာန်" ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ရက်က အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ စာကြည့်တိုက်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်မောင်မောင်ဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးမောင်ကြည်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးအောင်ပိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယမြို့နယ်မှူးက အမှာစကား ပြောကြားပြီး ဒုတိယဦးစီးမှူးက မြန်မာနိုင်ငံစာကြည့်တိုက်သမိုင်းနှင့်စာကြည့်တိုက်ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အလှူရှင်များက စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ ၃၃၈အုပ်ကို စာကြည့်တိုက်တာဝန်ခံသို့ ပေးအပ်လှူဒါန်းကြကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဩဂုတ် ၁၄ ရက်က မကွေးမြို့နယ် ညောင်ကန်ကျေးရွာ စက်ရေတွင်းကောင်းမွန်မှုကို မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဇော်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးကြည့်ရှုကြစဉ်။ (မြို့နယ်စည်ပင်)

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ

၁၃-၉-၂၀၀၄ (တနင်္လာနေ့)

- ❏ The Philosophy of Filial Piety in Bama Buddhist Family
  - ဗမာဗုဒ္ဓဘာသာမိသားစု၏ သားသမီးတို့က မိဘတို့အပေါ် စောင့်ရှောက်ခြင်းဆိုင်ရာ အတွေးအခေါ်
  - တတိယနှစ် ဒဿနိကဗေဒအထူးပြုနှင့်ဒဿနိကဗေဒ ဂုဏ်ထူးတန်းကျောင်းသား ကျောင်းသူများ
- ❏ ပရိတ်တော်အကြောင်းသိကောင်းစရာ
  - ပညာပေးကျောင်းသူကျောင်းသားနှင့်လုပ်သားပြည်သူများ
- ❏ The Culture of Badalin Cave
  - ရှေးဟောင်းသုတေသနပညာ အထူးပြုနှင့် မြန်မာမှုအထူးပြု ဘွဲ့ကြို/ဘွဲ့လွန်သင်တန်းသားများအားလုံး
- ❏ A Culture Comparative Study between Pyu and Bagan
  - ရှေးဟောင်းသုတေသနအထူးပြုနှင့် မြန်မာမှုအထူးပြုနှင့် SEAP Studiesဘွဲ့ကြို/ဘွဲ့လွန်သင်တန်းသားများအားလုံး
- ❏ The Culture of Visnu Old City
  - ရှေးဟောင်းသုတေသနပညာ ဘွဲ့ကြို/ဘွဲ့လွန်သင်တန်းသားများအားလုံး

၁၄-၉-၂၀၀၄ (အင်္ဂါနေ့)

- ❏ Numerical Methods for Initial Value Problems
  - မဟာသိပ္ပံ ဒုတိယနှစ်အထူးပြု ကျောင်းသား ကျောင်းသူများ
- ❏ Hilbert Spaces and Banach Spaces
  - မဟာသိပ္ပံပထမနှစ် အထူးပြု ကျောင်းသား ကျောင်းသူများ

၁၅-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

- ❏ Fruits and Dispersal of Seeds
  - တက္ကသိုလ်ဝင်တန်း အထောက်အကူပြု
- ❏ Plant Body
  - တက္ကသိုလ်ဝင်တန်း အထောက်အကူပြု
  - Modification of Plant Part
  - တက္ကသိုလ်ဝင်တန်း အထောက်အကူပြု
- ❏ - Germination
  - တက္ကသိုလ်ဝင်တန်း အထောက်အကူပြု

၁၆-၉-၂၀၀၄ (ကြာသပတေးနေ့)

- ❏ Structure of Seeds
  - တက္ကသိုလ်ဝင်တန်း အထောက်အကူပြု
- ❏ Genetics
  - တက္ကသိုလ်ဝင်တန်း အထောက်အကူပြု
- ❏ The Flower
  - တက္ကသိုလ်ဝင်တန်း အထောက်အကူပြု
- ❏ Categorizing the varieties of plants and their relatives
  - ပထမနှစ် ရုက္ခဗေဒ(သာမန်)

၁၇-၉-၂၀၀၄ (သောကြာနေ့)

- ❏ Botany as a Science
  ပထမနှစ် ရုက္ခဗေဒ (အဓိက)
- ❏ - Diversity of Plants
  ပထမနှစ် ရုက္ခဗေဒ (အဓိက)
- ❏ - Plant Geography (Part I)
  ပထမနှစ် ရုက္ခဗေဒ(အဓိက)
- ❏ Some importance of Medicinal plants in Myanmar
  - ပညာပေး (ကျောင်းသား၊ကျောင်းသူနှင့်လုပ်သားပြည်သူများ)

နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီထိ

၁၀-၉-၂၀၀၄ (စနေနေ့)

- ❏ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

၁၉-၉-၂၀၀၄ (တနင်္ဂနွေနေ့)

- ❏ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

Computer Rental
Pentium II,III ကွန်ပျူတာများအား CD-ROM, Speaker နှင့်တကွ ငှားရမ်းပေးပါသည်
NAWARAT Computer Sales, Maintenance & Rental
No.(135) Bogalayzay St., Botahtaung Tsp. Tel: 29 57 58

စိန်ရတုမွေးနေ့ဆုတောင်း

၉-၉-၂၀၀၄ ရက်တွင် ကျရောက်သော ချစ်ဖေဖေ ဒုတိယဗိုလ်မှူးကြီး ကျော်ဇံ(ငြိမ်း)၏ (၇၅)နှစ်ပြည့် စိန်ရတုမွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစုနှင့်အတူ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်–

ချစ်ဇနီး – **ဒေါ်နန်းခင်နှောင်း**
ချစ်သားသမီးများ – **ဒေါ်နန်းယုယုဇံ၊**
ဒေါ်နန်းသီသီဇံ–ဗိုလ်မှူးသိန်းမြင့်အောင်
ဒေါ်နန်းမိုးမိုးဇံ–ဦးစံဝင်း
Dr.စိုင်းဘုန်းကျော်–Dr.သွယ်သွယ်ခိုင်
ချစ်မြေးများ – **နန်းမာန်မြင့်မိုရ်၊ နန်းစုစန္ဒီမင်း၊**
နန်းသိမ့်ကေသီအောင်၊ နန်းထက်ကေသီအောင်။

စက်တင်ဘာညီအစ်မအတွက် မွေးနေ့ဆုတောင်း

၉-၉-၂၀၀၄ ရက်တွင် ကျရောက်သော ချစ်သမီးကြီး **မမြတ်နိုးမင်း**(Pre K.G,I.L.B.C) ၏ ငါးနှစ်မြောက် မွေးနေ့မင်္ဂလာနှင့် ၁-၉-၂၀၀၄ ရက်တွင် ကျရောက်သော ချစ်သမီးငယ် **အေးရတနာမင်း**၏ နှစ်နှစ်မြောက် မွေးနေ့မင်္ဂလာရက်မြတ်တို့မှသည် နောင်နှစ် ၁၂၀ တိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြီးပြည့်စုံ၍ အနန္တောအနန္တ ငါးပါး၏ ဂုဏ်ကျေးဇူးကို ထာဝရသိတတ် နားလည်တတ်သော ဉာဏ်ပညာကြီးမားသည့် သမီးလိမ္မာရတနာများဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

ချစ်ဖေဖေ – **ဒေါက်တာကျော်မင်း** (K)လူထုဆေးတက္ကသိုလ်၊မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေး
ချစ်မေမေ – **ဒေါ်ခင်ဝါဝါမြင့်** (သတင်းဌာန၊မြဝတီရုပ်မြင်သံကြား)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၆၆ ခုနှစ်၊ ဒုတိယ ဝါဆိုလဆန်း (၉)ရက်
၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်

၁။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၄ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်၍ ရတနာပြပွဲတွင် ကျောက်မျက်ရတနာများ တင်ပြရောင်းချလိုသူများသည် ၂၀၀၄ ခုနှစ် ဩဂုတ်လ ၁ ရက်မှ စက်တင်ဘာလ ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နှင့် ဆက်သွယ်၍ ကျောက်မျက်ရတနာများစစ်ဆေးခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများကို ဆောင်ရွက်နိုင်ပါသည်။

၂။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများအား မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် အခက်အခဲရှိပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) ရန်ကုန်မြို့၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)၊ ရှေ့တန်းမြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (မိုင်းရှူး/လှိုင်ဆောင်ထောက်)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးမြို့များတွင် အခြေခံပြုသည့် စခန်းရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

၃။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ ကျောက်မျက်ရတနာလုပ်ငန်းများအကျိုးအတွက် ရတနာပြပွဲများ မကျင်းပသည့် ကြားကာလများတွင် ကျောက်မျက်ရတနာ ရောင်းဝယ်ခြင်း ဆောင်ရွက်သည့် ဂျီတီစီစနစ်ဖြင့် ပုဂ္ဂလိကပိုင် ကျောက်မျက်ရတနာများ ရောင်းဝယ်ခြင်းနှင့် ပြည်ပတင်ပို့ခြင်းများကို သက်ဆိုင်ရာလုပ်ငန်းဌာနများနှင့် ပူးပေါင်းညှိနှိုင်း၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍ ဂျီတီစီစနစ်ဖြင့် ကျောက်မျက်ရတနာများ ရောင်းချလိုသည့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ၂၀၀၄ခုနှစ် ဩဂုတ်လ ၁ရက်မှ စက်တင်ဘာလ ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်နေ
(ဗိုလ်ကြီးအောင်ကြီး)–ဒေါ်အေးနု
တို့၏သားထွေး
မောင်သိန်းညွှန့်ကြီး B.Sc (Maths)
Second Mate (F.G), Golden Eagle International Co., Ltd.
နှင့်
ရန်ကုန်တိုင်း တိုက်ကြီးမြို့နေ
ဒေါ်အေးကြည်၊ ဦးကြည်ညွှန့်–ဒေါ်မြကြည်
တို့၏မြေး၊
ဦးတင်အောင်–ဒေါ်ခင်ညိုညို
တို့၏သမီး
မသီတာအောင် B.Sc (Chemistry)

တို့သည် ၂၂-၈-၂၀၀၄ ရက်တွင် နှစ်ဖက်သော မိဘများနှင့် ဂုဏ်သရေရှိလူကြီးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သိန်းညွှန့်ကြီး–မသီတာအောင်။



ဒေါက်တာဒေါ်ခင်ခင်ဆွေ ၁၂/ အစန(နိုင်)၁၁၆၂၇၆ နှင့် အများသိစေရန်

ယာဉ်အမှတ် (သ/၂၄၀)မိုက္ကရိုဘတ်စ်(၄x၂)[R] အမျိုးအစားနီဆန်းဗင်နတီ (Largo) မော်တော်ကားသည် ဒေါက်တာဒေါ်ခင်ခင်ဆွေ ၁၂/အစန(နိုင်)၁၁၆၂၇၆ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးထွန်းလွင် ၉/ပမန(နိုင်)၀၅၄၃၉၅ ဝယ်ယူထားသော ကားဖြစ်ပါသည်။

အဆိုပါကားကို ဦးထွန်းလွင်၏ သဘောတူခွင့်ပြုချက်မပါရှိဘဲ ၎င်း၏ ပိုင်ဆိုင်မှုအခွင့်အရေး ကို ထိခိုက်နစ်နာစေရန် ရည်ရွယ်ပြီး မည်သူမဆို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ကားပိုင်ဆိုင်သူအမည်ပြောင်း လျှောက်ထားခြင်းစသည့် ဆောင်ရွက်မှုတစ်စုံတစ်ရာကိုမျှ မပြုလုပ်ကြရန် သတိပေးတားမြစ်လိုက်သည်။

အကယ်၍ ဤသတိပေးတားမြစ်ချက်ကို မလိုက်နာဖောက်ဖျက်ကျူးလွန်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဦးထွန်းလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဦးဝင်းမိုလ်အေး	**ဦးစန်းဝင်း**
LL.B	LL.B. D.B.L.D.M.L., D.A,Psy
တရားရုံးချုပ်ရှေ့နေ(၄၆၂၄)	**တရားရုံးချုပ်ရှေ့နေ(၄၆၆၈)**
အမှတ် ၁၉၊ နေဖြူလမ်း၊၆/၁၂ရပ်ကွက်	**အခန်း A-9(ပ)ထပ်အမှတ် ၅၀**
ရွှေပြည်သာမြို့။	**ဘဏ်လမ်း၊ကျောက်တံတားမြို့နယ်။**
